# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 6 November 2025 ၁၁၉၉၃


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန် များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မြို့လုံးကျွတ် ရိုးရာမီးပဒေသာလှည့်လည်ပူဇော်ပွဲ ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၅

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ စတင်ကျင်းပခဲ့ရာ တန်ဆောင်မုန်းလပြည့်နေ့(ည)တွင် မြို့လုံးကျွတ် ရိုးရာမီးပဒေသာအလှ လှည့်လည်ပူဇော်ပွဲကို ကျင်းပခဲ့ကြသည်။

အဆိုပါ လှည့်လည်ပူဇော်ပွဲ မကျင်းပမီ တောင်ကြီးမြို့ရှိ ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင်မြို့/ရွာများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် လူမှုရေးအသင်းအဖွဲ့များက ရိုးရာမီးပဒေသာပင်များနှင့်တကွ သတ်မှတ်စုရပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ


မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ » ၈

ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း — စာမျက်နှာ » ၉

ဒီမိုကရေစီယဉ်ကျေးမှုထွန်းကား မုဒိတာပွားနိုင်ကြစေ... — ဆောင်းပါး စာမျက်နှာ » ၁၀

လက်ဘနွန်နှင့် နယ်သာလန် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး — စာမျက်နှာ » ၁၃


# အလုပ်တရား၊ သဟဇာတနှင့် ငြိမ်းချမ်းမှုကို မျှဝေခံစား၍ လူသားအားလုံးကို ချစ်ကြည်ရင်းနှီး ပေါင်းစည်းပေးပါမည်



၂၀၂၀ ပြည့်နှစ်တွင် “City of Labour Valour” အဖြစ် အသိအမှတ်ပြုခံရသည့် နိုဗိုစီဗစ်မြို့။

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာခြင်းကိုဆောင်ကြဉ်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ဖြင့် အေးချမ်းစွာ အတူလက်တွဲနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များ၊ အထင်ကရ ယဉ်ကျေးမှုအမွေအနှစ်များ၊ သာယာလှပသည့် ရှုမျှော်ခင်းများ၊ ဘာသာတရားကိုအခြေခံသည့် ၁၂ လရာသီပွဲတော်များနှင့် ရှုမငြီးဖွယ် အစုံအလင်ပါဝင်ကာ စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသော နိုင်ငံဖြစ်သည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း ဤရာသီ ကာလများသည် ပွင့်လင်းရာသီကာလဖြစ်၍ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းကို ဆောင်ကြဉ်းပေးသောကာလဖြစ်သည်။

သီတင်းကျွတ်ရာသီကာလပြီးသည်နှင့် တန်ဆောင်မုန်း တန်ဆောင်တိုင် ဆီမီးထိန်ထိန်လင်းလျက် မြတ်စွာဘုရားရှင်ကိုရည်မှန်း၍ ဘာသာတရား အခြေခံယဉ်ကျေးမှုထုံးတမ်းစဉ်လာပွဲတော်များကို နိုင်ငံတစ်ဝန်း၌ ဆင်ယင်ကျင်းပလျက်ရှိရာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအပေါင်းတို့အနေဖြင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီများသို့ သွားရောက်၍ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ရာသီအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာပွဲတော်များဖြစ်သည့် ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင် ဆက်ကပ်လှူဒါန်းပွဲနှင့် ဒေသအလိုက်၊ မြို့အလိုက် မီးပုံးပျံလွှတ်တင်ပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အနုပညာရှင်များ၏ ကပြသီဆို ဖျော်ဖြေတင်ဆက်ပွဲများနှင့် ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် တိုင်းရင်းသားပြည်သူများ၏ အေးချမ်းပျော်ရွှင်စွာ နေထိုင်ဆောင်ရွက်လိုသော ပင်ကိုစိတ်ရင်းများအရ မတူကွဲပြားသောစိတ်ထားများ ကိုယ်စီရှိကြသော်လည်း ပျော်ရွှင်ချမ်းမြေ့မှုနှင့်အေးချမ်းသာယာမှုအပေါင်းတို့ကို နိုင်ငံတစ်ဝန်းလုံး၌ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့် သိုက်သိုက်ဝန်းဝန်း အတူလက်တွဲဆင်နွှဲခဲ့ကြသည့် မြင်ကွင်းအဖုံဖုံတို့ကို မြင်တွေ့ကြရသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာတိုင်းရင်းသားလူမျိုးအားလုံးတို့အတွက် ဝမ်းမြောက်ပျော်ရွှင် စိတ်ကြည်နူးစရာဖြစ်သည်။

မြန်မာနိုင်ငံတွင် အထင်ကရ မြို့ကြီးများရှိသည့်အနက် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးအပါအဝင် မြို့ကြီးတိုင်းရှိ စေတီ၊ ပုထိုး၊ ကျောင်းကန်များ၌ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ကုသိုလ်ကောင်းမှုအစုံစုံနှင့် ပွဲလမ်းသဘင်မျိုးစုံတို့ကို ကျင်းပဆင်နွှဲခဲ့ကြရာ ယခုနှစ်အဖို့ ပြည်သူများလာရောက်မှု အစည်ကားဆုံးနှင့်အထင်ရှားဆုံး အခမ်းအနားများအဖြစ် နေပြည်တော်တန်ဆောင်တိုင်ပွဲတော်အခမ်းအနားနှင့် တောင်ကြီးမီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားတို့သည် အထူးခြားဆုံးဟုဆိုရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်ဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ရှစ်ရက်တိုင်တိုင်ကျင်းပလေ့ရှိသော်လည်း ပြည်သူများ၏ တစ်ခဲနက် အားပေးပျော်ရွှင်မှုကြောင့် နိုဝင်ဘာလ ၇ ရက်နေ့အထိ ယခုနှစ်အဖို့ ၁၀ ရက်တိုင် ကျင်းပလျက်ရှိသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ပြိုင်ပွဲဝင်မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့် အချိန်ယူပြီး ကြိုးစားအားထုတ်ယှဉ်ပြိုင်မှုများကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ မီးပုံးပျံပညာရှင်များ၏ ကြိုးစားအားထုတ်တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံလက်ရာများကို ပရိသတ်များ ဆက်လက်အားပေးစေလိုသောအားဖြင့်လည်းကောင်း ရက်တိုးမြှင့် ကျင်းပပေးခြင်းဖြစ်ပြီး နောက်ဆုံးနေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ ပြည်သူများ၏ ပျော်ရွှင်ချမ်းမြေ့မှု၊ စိတ်အားထက်သန်စွာ အားပေးကြည့်ရှုမှုနှင့် မီးပုံးပျံပညာရှင်များ၏ တီထွင်ကြံဆကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံအတွက် စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းရေး၌ ခွန်အားတစ်ရပ်ဖြစ်စေသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများပါ တကူးတကကြိတ်ကြိတ်တိုး ဘုရားဖူးလာရောက်ကြသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာ ထူးခြားမှုပင်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် စိတ်အေးချမ်းသာစွာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သဒ္ဓါကြည်လင်စိတ်ဖြင့် ကုသိုလ်အစုစုပြု၍ ပူဇော်ခဲ့ကြပြီးနောက် အံ့သြဖွယ်ရာ ရှုမျှော်မဆုံးဖြစ်သည့် ကောင်းကင်ယံမှ မီးပုံးပျံကြီးများ၏အလှအပများကို စိတ်ကြည်နူးပျော်ရွှင်မဆုံး အားပေးခဲ့ကြသည်။ အလားတူပင် ရွှေတိဂုံ၊ မဟာမြတ်မုနိ စသည့် တန်ခိုးကြီးဘုရားအသီးသီးတို့၌ကျင်းပသော မြတ်စွာဘုရားရှင်ပူဇော်ပွဲနှင့် ပွဲလမ်းသဘင်အခမ်းအနားများတွင် ပြည်သူများ တစ်ခဲနက်လာရောက်ကြသည့် မြင်ကွင်းများမှာ မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါကြောင်း။ ။

## အုတ်တွင်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာဗုဒ္ဓပူဇနီယပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



အုတ်တွင်း နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် (၉၂) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက်ရှိ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့် စေတီတော်မြတ်ကြီးရှေ့၌ ကျင်းပသည်။

အဆိုပါမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ သံဃာတော် ၁၁၁ ပါးနှင့် သီလရှင် ၅၂ ပါးတို့အား နယ်မြေခံတပ်နယ်မှ တပ်နယ်မှူးဗိုလ်မှူးချုပ် ဆန်းညွန့်လှိုင်နှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ တပ်မိသားစုဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာစေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၂၄၈၈၄၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်း၊ စာရေးတံမဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ (၁၇)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘုံသာရပ်ကွက်ရှိ ဆုတောင်းပြည့် ရာဇာမုနိစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်( ပြန်/ဆက်)

## ၅ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁၀၁ | ၈၆၈,၆၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၄,၃၂၄ | ၁၅,၁၃၄,၀၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂ | ၁၅,၆၀၀ |
| FPB | ၂,၃၀၀ | ၂,၃၀၀ | ၆ | ၁၃,၈၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၂,၁၃၃ | ၃,၆၉၃,၈၅၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၁ | ၃,၄၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၀၀ | ၂၈ | ၈၉,၉၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၆၇၈ | ၁,၈၅၂,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Justin Brady အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅ခုနှစ်)(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅ ခုနှစ်) (မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစားပေးပြင်ဆင်လိုသည့်ဥပဒေများ စိစစ်တင်ပြရန် လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပထမဦးစားပေးအနေဖြင့် ပြင်ဆင်ရန် တင်ပြသည့် ဥပဒေများစာရင်းတွင် ယခုဥပဒေ(မူကြမ်း)ပါရှိပြီး ဤရုံး၏ အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် အကြောင်းကြားချက်အရ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ရန်ထောက်ခံတင်ပြလာသဖြင့် ယင်းဥပဒေ(မူကြမ်း)အပေါ် အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီး သက်ဆိုင်ရာသို့ ဆက်လက်တင်ပြရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေး တိုင်းပြည်သူ့ဆေးရုံကြီး၌ ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်)ခြောက်လသင်တန်းဆင်းပွဲ ကျင်းပ



**မကွေး နိုဝင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနဦးဆောင်မှုဖြင့် တိုင်းပြည်သူ့ဆေးရုံကြီး ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်)ခြောက်လသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ၊ ဓာတ်မှန်ဌာနမှ သင်တန်းဆရာများနှင့် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်) ခြောက်လသင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗဟိုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြည်သူ့ဆေးရုံကြီးများတွင် လစ်လပ်နေသည့် ဆေးဘက်ကျွမ်းကျင်-၃ (ဓာတ်မှန်) ရာထူးနေရာများ တိုးမြှင့်ခန့်ထားနိုင်ရန် တိုင်းပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့အပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ ပြည်သူ့ဆေးရုံကြီး ၁၃ ရုံတွင် သင်တန်းသား စုစုပေါင်း ၃၀၀ ကို တစ်ပြိုင်တည်း သင်တန်းဖွင့်လှစ် ဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့်မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဆေးရုံများတွင်လည်းကောင်း၊ သင်တန်းဆင်းပြီး မကြာမီ ရာထူးတိုးမြှင့်ခန့်ထားပေးမည့် ပြည်သူ့ဆေးရုံကြီးများတွင်လည်းကောင်း လူနာများအကျိုးရှေးရှုပြီး နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ကျင့်ဝတ်နှင့် ဓာတ်မှန် ကျွမ်းကျင် ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းဆင်းများကိုယ်စား သင်တန်းသား သင်တန်းသူတစ်ဦးစီကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ရာ သင်တန်းဆင်းများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါသင်တန်းကို အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၂၉ ဦးဖြင့် မေ ၅ ရက်မှစတင်၍ ခြောက်လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူးတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Samir Sudhir Wanmali နှင့် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services– UNOPS) ၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur တို့အား ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Samir Sudhir Wanmali တို့ တွေ့ဆုံဆွေးနွေးစဉ်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိ WFP က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များအကျိုးရှိ ထိရောက်စေရေး၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခွင့် ရရှိရေး၊ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ်အသစ် (၂၀၂၇–၂၀၂၉) ပြင်ဆင်ရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ UNOPS မှ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ စီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS)တို့အကြား လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မန္တလေး ငလျင်ကြောင့် ထိခိုက်ခဲ့မှုများကို ပြန်လည်ထူထောင်ရေးတွင် ပူးပေါင်းဆောင်ရွက်စေလိုသည့် လုပ်ငန်းများကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးနှင့် UNOPS ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူး လေယာဉ်ဖြင့်ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကာအမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေ အတွင်းရေးမှူးနှင့် အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများ နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများက မြန်မာ – ရုရှား နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင် ရာ လေဆိပ်မှ မထွက်ခွာမီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး အား မြန်မာနိုင်ငံ ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရ လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ ဓာတ်မြေဩဇာဖြန့်ဝေရန် စာချုပ်ချုပ်ဆိုပြီး တောင်သူများအား လွှဲပြောင်းပေးအပ်



**ကျောင်းကုန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် အကျိုးမဝင်သည့် တောင်သူများအား ဒုတိယအကြိမ် ဓာတ်မြေဩဇာ ဖြန့်ဝေရန် စာချုပ်ချုပ်ဆိုမှုနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးကိုကိုဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် အကျိုးမဝင်သည့် တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် အတိုး ၂ ရာခိုင်နှုန်းဖြင့် တစ်လုံးတည်း ပြန်လည်ပေးချေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၃၁ အုပ်စုမှ တောင်သူ ၃၄၀ ၏ လယ်မြေ ဧက ၃၁၂၁ ဧကအတွက် မြန်မာ့ဩဘာ ဓာတ်မြေဩဇာ ၆၂၄၂ အိတ်ကို စတင်ဖြန့်ဝေပေးပြီး တစ်အိတ်လျှင် သယ်ယူစရိတ် ကျပ် ၃၆၀၀ အပါအဝင် ကျပ် ၁၀၄၂၀၀ ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၂ ရက်**

**သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။



○ ရှေ့ဖုံးမှ

နေရာဖြစ်သည့် ပြည်နယ်အားကစားကွင်း၌ စုပေါင်းရောက်ရှိခဲ့ကြပြီး တန်ဆောင်မုန်းလပြည့်ည ရိုးရာမီးပဒေသာအလှများ လှည့်လည်ပူဇော်ခြင်းကို စတင်ကျင်းပခဲ့ကြသည်။

### လှည့်လည်ပူဇော်

ထိုသို့လှည့်လည်ပူဇော်ရာတွင် မြန်မာ့ရိုးရာဆိုင်းဝိုင်း(ဗြော)အတီး၊ အဆို၊ အကအဖွဲ့၊ ဝင်းအဖွဲ့၊ မြန်မာ၊ ရှမ်း၊ ပအိုဝ်းအစရှိသည့် လုပျိုဖြူများအကအဖွဲ့၊ ရှမ်း/ပအိုဝ်းအိုးစည်ဗုံမောင်းအဖွဲ့များနှင့် ကိန္နရီ ကိန္နရာအကအဖွဲ့များနှင့် တောင်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရိုးရာအကအဖွဲ့တို့ ဦးဆောင်ကာ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့ မီးပွိုင့်လမ်းဆုံ လမ်းမကြီးအတိုင်းမှ စတင်စီတန်းလှည့်လည်ပူဇော်လာခဲ့ကြပြီးနောက် စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကုန်းတော်ပေါ်အထိ မီးပဒေသာအလှအပမျိုးစုံ၊ တိုင်းရင်းသားရိုးရာအကပေါင်းစုံတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်စုပေါင်းလှည့်လည်ပူဇော်မှုပြုခဲ့ကြသည်။

မြန်မာသာသမက၊ ကမ္ဘာကပါ အံ့ဩရသည့် ရှမ်းပြည်နယ်၏အထင်ကရ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရာတွင် မြို့လုံးကျွတ် ရိုးရာမီးပဒေသာ စုပေါင်းလှည့်လည်ပူဇော်ခြင်းကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းဆင်ယင်ကျင်းပမြဲဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးမြို့နှင့် ကျောက်ဆည်မြို့ရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး Grade–12 သင် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားအားပေး ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများ ချမှတ်ပေးလျက်ရှိပြီး မူဝါဒများ ပေါက်မြောက်အောင်မြင်စေရန် ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့် မိမိတို့၏သားသမီးများ စာကြိုးစားကြရန် ဂရုစိုက်ကြပ်မတ်ပေးကြစေလိုပါကြောင်း၊ Grade–9 အောင်မြင်ပြီးသည့်အခါတွင် Grade–12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအင်ဂျင်နီယာပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများမှ အောင်မြင်ပြီးပါက အဆင့်မြင့်ဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည် ဖြစ်ပါကြောင်း။

Grade –12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ ဆရာ ဆရာမများတွင် တာဝန်ရှိသကဲ့သို့ ကျောင်းပြင်ပသို့ ရောက်ရှိချိန်တွင် မိဘများက ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏သင်ကြားရေး အရည်အသွေးကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနက သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သုတေသန လေ့လာတွေ့ရှိချက်များပေါ်တွင် အခြေခံ၍ သင်ကြားရေးစွမ်းရည်များ မြှင့်တင်နိုင်ရန် ထိရောက်သည့်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက် အခြေပြုသင်ကြားရေးစနစ်ကို အားပေးလျက်ရှိရာတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအနေဖြင့် စာကြည့်တိုက်သို့ ကိုယ်တိုင်သွားရောက်၍ အသုံးပြုလေ့လာကြပြီး ကျောင်းသား ကျောင်းသူများလေ့လာသင်ယူနိုင်မည့် စာအုပ်များကို ဖြည့်ဆည်းထားရှိပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက Grade–12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများ၊ မိဘများက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မန္တလာတက္ကသိုလ်သို့ရောက်ရှိပြီး မန္တလာတက္ကသိုလ် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ /ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြား၍ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများ သင်ယူနေမှုများကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလှတရား၊ သဟဇာတနှင့် ငြိမ်းချမ်းမှုကို မျှဝေခံစား၍ လူသားအားလုံးကို ချစ်ကြည်ရင်းနှီး ပေါင်းစည်းပေးပါမည်

မိုးကေနိုင်

မြန်မာပြည်သူတို့အတွက် နိုဗိုစီဗစ်ဟူသော အမည်နာမက ယခုအခါ မစိမ်းတော့ပါ။ မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုက်ဘေးရီးယားပြည်နယ် နိုဗိုစီဗစ်ဒေသတို့အကြား၊ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုက များစွာကွာဝေးခြင်းလည်း မရှိတော့ပါ။ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့အကြား လေကြောင်းအကွာအဝေး ၃၈၆၃ ကီလိုမီတာရှိပြီး နေပြည်တော်နှင့် နိုဗိုစီဗစ်မြို့တို့အကြား လေကြောင်း အကွာအဝေး ခန့်မှန်းခြေကီလိုမီတာ ၄၁၀၀ ခန့်ရှိသော်လည်း မြန်မာပြည်သူများနှင့် နိုဗိုစီဗစ်မြို့၊ ဆိုက်ဘေးရီးယားပြည်သူများအကြား နှလုံးသားချင်း၊ ရင်ဘတ်ချင်းက ယခုထက်ပို၍ နီးစပ်မှုရှိလာနေကြောင်း ပုံရိပ်များထင်ရှားလျက်ရှိနေပါပြီ။


**ဆက်ဆံရေးသမိုင်းကြောင်းအရ**

မှတ်မှတ်ရရ မြန်မာနှင့် နိုဗိုစီဗစ်ဆက်ဆံရေးသည် မြန်မာနိုင်ငံနှင့် ဆိုဗီယက်ယူနီယံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းကပင် နှစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ နှစ်နိုင်ငံသမိုင်းကြောင်းတွင် ကောင်းမွန်သည့် ရေရှည်ဆက်ဆံရေးနှင့်အတူ ခိုင်မာသည့်ချစ်ကြည် ရင်းနှီးမှုများရှိပြီးဖြစ်သည်မှာ အထူးဖော်ပြစရာ မလိုပါ။

ယခုနှစ် မတ်လအတွင်း နိုဗိုစီဗစ်မြို့သို့ နိုင်ငံတော်အကြီးအကဲ သွားရောက်လည်ပတ်ခဲ့မှု၊ အစိုးရများအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဆက်ဆံရေးကောင်းများပို၍ ထင်ရှားလာကြောင်းလည်း တွေ့ရသည်။ ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုမှ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လေကြောင်းပြေးဆွဲမှုနှင့် ခရီးသွားကဏ္ဍများ မြှင့်တင်နိုင်ရေးအထိ ထိရောက်မှုရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ကျန်းမာရေးနှင့် ပညာရေး၊ စက်မှုနှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အား ညီအစ်မမြို့များအဖြစ် သတ်မှတ်ရန်ကဏ္ဍများလည်း ပါဝင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ဆွေးနွေးမှုများက နှစ်နိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသအတွက်ပါ ရည်ရွယ်ခဲ့ကြောင်းလည်း တွေ့ရှိရသည်။

**လက်ရှိဆောင်ရွက်မှု ပြယုဂ်ကောင်းများ**

ထို့ကြောင့်လည်း နှစ်နိုင်ငံအကြား၊ နိုင်ငံနှင့်




ဒေသတာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းလိုင်းများ ပူးပေါင်းဆောင်ရွက်ရန် ယခုအခါ လိုအပ်လာပြီဖြစ်သည်။ သို့မှသာ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန် လည်ပတ်သွားလာနိုင်ကြမည်ဖြစ်သည်။ ထို့အတွက် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများ ပြုလုပ်ကြတော့မည်။ ခရီးသွားလုပ်ငန်းနှင့်အတူ နှစ်နိုင်ငံအစားအသောက်နှင့် အချက်အပြုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာသည်။ တစ်ဆက်တည်း ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြရတော့မည်ဖြစ်သည်။

ပြန်ကြားရေးကဏ္ဍ၌လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်သလို အမျိုးသားစာကြည့်တိုက်များကဏ္ဍကိုလည်း ယခုအခါ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု သိရသည်။ ပူးပေါင်းဆောင်ရွက်မှုများအတွက် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားကြမည်ဟု သိရှိရသည်။ သုံးသပ်ရလျှင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သော ကဏ္ဍများဖြစ်နေကြောင်း တွေ့ရခြင်းပင်ဖြစ်သည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းကြောင်းတွင် နောက်ထပ်တိုးတက်မှုက နိုဗိုစီဗစ်မြို့၌ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးကို ယခုနှစ် မတ်လ ၉ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ရလဒ်အနေဖြင့် နိုဗိုစီဗစ်မြို့တွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများနှင့် မြန်မာနိုင်ငံအကြား ချိတ်ဆက်ပေါင်းကူးမှု ပိုမိုလွယ်ကူသွားခြင်းပင်ဖြစ်သည်။ နားလည်မှုကို ပိုမိုမြှင့်တင်နိုင်ကြတော့မည်ဖြစ်သည်။ နိုဗိုစီဗစ်ဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကိုလည်း ကူညီစောင့်ရှောက်မှုများပေးနိုင်တော့မည်ဖြစ်သည်။ ထိုအချက်များက ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ကောင်းများပင်ဖြစ်ပါသည်။

ထို့အတွက် မြန်မာနိုင်ငံအနေဖြင့် ယခုလို အလေးထား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေသည့် နိုဗိုစီဗစ်ဒေသ၊ နိုဗိုစီဗစ်မြို့အကြောင်းကို မိမိတို့ပြည်သူများက သိရှိထားသင့်သည်၊ နားလည်ထားသင့်သည်ဟု ယူဆပါသည်။ ယင်းမြို့၌ ယခင်ကတည်းကပင် မြန်မာနိုင်ငံမှ သွားရောက်ပညာသင်ကြားနေသည့် သင်တန်းသားများရှိကြသည်။ အမှန်တကယ် ထိုဒေသတွင် စက်မှုနှင့် သိပ္ပံနည်းပညာများ အလွန်ထွန်းကား တိုးတက်ပါသည်။ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ဗဟိုချက်မအဖြစ်လည်း ထင်ရှားသည်။

ထိုဒေသ၊ ထိုမြို့၌ ယခုနှစ် ဇူလိုင်လအတွင်းက ကျင်းပသည့် အစားအစာနှင့် ခရီးသွားပြပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ညီနောင်အသင်းများက မြန်မာနိုင်ငံကိုယ်စားပြုပြီး ခရီးသွားမြှင့်တင်ရေးပြခန်းတစ်ခု ပြသခဲ့ဖူးသည်။ ထိုပြပွဲ၌ မြန်မာ့ရိုးရာအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ လက်ဖက်၊ မြန်မာဝိုင် စသည်တို့ကို ပြသနိုင်ခဲ့သည်။ အစားအသောက် ပြင်ဆင်ချက်ပြုတ်ပုံနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှနှင့် ဝတ်စုံများကို ပြသဖျော်ဖြေနိုင်ခဲ့ပါသည်။

**မြို့၏ သမိုင်းကြောင်း**


ထိုမျှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ အလေးထားသော နိုဗိုစီဗစ်မြို့အကြောင်းကို ဆက်ရလျှင်.... ယင်းမြို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ဆိုက်ဘေးရီးယား ဖက်ဒရယ်ပြည်နယ်၏ အနောက်တောင်ဘက်ရှိ အချက်အချာမြို့တစ်မြို့ဖြစ်ပြီး အော့ဘ်မြစ် ညာဘက်ကို မေးတင်ထားသည်။ မြို့ကို ၁၈၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရှေးဟောင်းအမွေအနှစ်လက်ရာ အဆောက်အအုံများ တည်ရှိရာ၊ ခေတ်မီစက်မှုလက်မှုနှင့် သိပ္ပံနှင့် နည်းပညာရပ်များထွန်းကားရာ မြို့တစ်မြို့အဖြစ် ထင်ရှားသည်။

ရုရှားနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ ၁၆ သိန်းခန့်ရှိသည့် တတိယမြောက် လူဦးရေ အထူထပ်ဆုံးမြို့လည်းဖြစ်သည်။ မြို့ကို စတင်တည်ထောင်ကတည်းက အုပ်ချုပ်ရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုအချက်အချာ ကျရာဒေသလည်းဖြစ်ခဲ့သည်။ ရုရှားခေါင်းဆောင် ဂျိုးဇက်စတာလင် လက်ထက်၌ ဆိုက်ဘေးရီးယားဒေသ၏ စက်မှုထွန်းကားရာမြို့ကြီးအဖြစ် ပီပီပြင်ပြင် ဖြစ်လာခဲ့သည်။ ၁၉၁၇-၂၃ ရုရှားပြည်တွင်းစစ်အတွင်း တိုက်ဖျက်ဖျက်အူရောင်ငန်းဖျားနှင့် ကာလဝမ်းရောဂါကပ်ဘေးကြီးဖြစ်ခဲ့ရပြီး လူထောင်ပေါင်းများစွာ ကပ်ဘေးသင့်ခဲ့ရသည်ဟုလည်း မှတ်သားဖူးပါသည်။ နိုဗိုစီဗစ်မြို့တွင် ရုရှားလူမျိုး အများဆုံးနေထိုင်ပြီး တာဂျစ်၊ တာတာ၊ ဥဇဘက်၊ ယူကရိန်း နီးယန်းနှင့် ကာဂျစ်လူမျိုးများသည်လည်း ရေခဲမှတ်အောက် အလွန်အေးသော ရာသီဥတုအောက် ဆီးနှင်းထူထူတွင် အတူယှဉ်တွဲ နေထိုင်လျက်ရှိကြသည်။

**စာမျက်နှာ ၇ သို့** ☆



၂၀၂၀ ပြည့်နှစ်တွင် “City of Labour Valour” အဖြစ် အသိအမှတ်ပြုခံရသည့် နိုဗိုစီဗစ်မြို့။


အော့ဘ်မြစ်ပေါ်ရှိ ပြည်ထောင်စုအမြန်လမ်းပေါ်တွင် ရထားခုတ်မောင်းနေစဉ်။


နိုဗိုစီဗစ်မြို့၏ အထင်ကရဘူတာရုံကို တွေ့ရစဉ်။

☆ စာမျက်နှာ ၆ မှ

**သယ်ယူပို့ဆောင်ရေးနှင့် စက်မှုထွန်းကားရာ**

ဆိုက်ဘေးရီးယား၏ သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍတွင် နိုဗိုစီဗစ်လေဆိပ်နှင့် ရထားဘူတာရုံများက အလွန်တရာ ထင်ရှားကျော်ကြားလှပါသည်။ ပြည်တွင်း ပြည်ပမှ ဆိုက်ဘေးရီးယားဒေသကိုဖြတ်၍ အရှေ့၊ အနောက်၊ တောင်ဘက် ရထားလမ်းများအားလုံး၏ ဆုံချက်နှင့် အဆုံးသတ်တည်ရာမြို့လည်းဖြစ်သည်။ လေကြောင်းစနစ်၊ ရထားစနစ်များနည်းတူ ဘတ်စ်ကားနှင့် ထရော်လီဘတ်စနစ်များ၊ ဘတ်စ်ကားဂိတ်များ၊ တက္ကစီစနစ်မှအစ ရေကြောင်းခရီးသည်တင် waterbus စနစ်အထိ အလွန်ခေတ်မီပြီး စနစ်ကျသည်ဟု မှတ်သားရပါသည်။

နိုဗိုစီဗစ်မြို့တွင် စက်မှုလုပ်ငန်းများ မည်မျှထွန်းကားသလဲဆိုလျှင် အကြီးစားနှင့် အလတ်စား စက်မှုလုပ်ငန်းပေါင်း ၂၁၄ ခုအထိရှိသည်ဟု သိရှိရသည်။ အထူးသဖြင့် လေကြောင်းအာကာသ၊ ဒုံးပျံနည်းပညာ၊ နျူကလီးယားလောင်စာ၊ တာဘိုင်နှင့် ရေအားလျှပ်စစ်ဂျင်နရေတာများ၊ ချည်မျှင်နှင့် အထည်၊ စိုက်ပျိုးရေးထုတ်ကုန်၊ အီလက်ထရွန်နစ်စက်ပစ္စည်းများ၊ ဆီမီးကွန်ဒက်တာများ၊ သံနှင့် သံမဏိလုပ်ငန်း၊ သတ္တုသန့်စင်လုပ်ငန်း၊ သံဖြူလုပ်ငန်း၊ မြေရှားသတ္တုလုပ်ငန်းများကြောင့် ယင်းမြို့သည် ရုရှားနိုင်ငံ၏ တတိယမြောက် စက်မှုထွန်းကားရာမြို့တစ်မြို့အဖြစ် ထင်ဟပ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ရုရှားစီးပွားရေးနာမည်ကြီးကုမ္ပဏီကြီးများစွာ၏ ဌာနချုပ်များသည် ထိုမြို့၌ လာရောက်အခြေစိုက်ရသည်အထိ ဆွဲဆောင်မှုရှိနေသည်ကို တွေ့ရခြင်းဖြစ်သည်။

> **နှစ်နိုင်ငံအကြား၊ နိုင်ငံနှင့် ဒေသတာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းလိုင်းများ ပူးပေါင်းဆောင်ရွက်ရန် ယခုအခါလိုအပ်လာပြီဖြစ်သည်။ သို့မှသာ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန် လည်ပတ်သွားလာနိုင်ကြမည်ဖြစ်သည်။ ထို့အတွက် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများ ပြုလုပ်ကြတော့မည်။ ခရီးသွားလုပ်ငန်းနှင့်အတူ နှစ်နိုင်ငံအစားအသောက်နှင့် အချက်အပြုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်လာသည်။ တစ်ဆက်တည်း ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြရတော့မည်ဖြစ်သည်။ သုံးသပ်ရလျှင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သောကဏ္ဍများဖြစ်**

**အားကစား၊ ဂီတနှင့် ပညာရေး**


ထိုကဲ့သို့ နိုဗိုစီဗစ်မြို့သည် စက်မှု၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့်သာ ထင်ရှားနေခြင်းမဟုတ်ပါ။ ပရော်ဖက်ရှင်နယ်ကျပြီး တက်ကြွသော အားကစားကလပ်များစွာကြောင့်လည်း ထင်ရှားပါသည်။ ဘောလုံး၊ ရေခဲပြင်ဟော်ကီ၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဖူဆယ်ကလပ်အသီးသီးက နိုင်ငံအလိုက် လိဂ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်များအထိ ချိတ်နိုင်ကြပြီး ကမ္ဘာ့အဆင့်လက်ရွေးစင်များစွာကိုလည်း မွေးထုတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ဂီတ၊ အနုသုခုမနယ်ပယ်များ၌ကော ဘယ်လိုအခြင်းအရာများနှင့် ရှိနေပါသလဲ။ ရိုးရာဂီတတွင် ရုရှားတယောပညာရှင် အမြောက်အမြားကို ထိုဒေသလေးမှ မွေးထုတ်ပေးခဲ့ဖူးပါသည်။ ဂီတစာဆို၊ ကဗျာဆရာများစွာအပြင် စည်းချက်ကြမ်းကြမ်းနှင့် ပန့်လီဂန်း punk legend, punk rocker လူငယ်များစွာကလည်း ခေတ်နှင့်အညီ သံပြိုင်ဟစ်နေကြသည်။ နာမည်ကျော်ဂီတအဖွဲ့များ ပါဝင်သည့် သံစုံတီးဝိုင်းကြီးများကို ကမ္ဘာကျော် နိုဗိုစီဗစ် အော်ပရာနှင့် ဘဲလေးအက ဇာတ်ရုံကြီး အပါအဝင် ကဇာတ်ရုံများစွာနှင့် ယှဉ်တွဲမြင်ကြည့်၍လည်း ခံစားနိုင်ပါသည်။

ပညာရေးတွင်လည်း ထို့အတူပင်၊ ဆိုက်ဘေးရီးယန်းနှင့် နိုဗိုစီဗစ်မြို့တွင် နိုင်ငံအဆင့်တက္ကသိုလ်များဖြစ်သည့် နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေး၊ ဗိသုကာ၊ ဒီဇိုင်း၊ အနုပညာ၊ မြို့ပြအင်ဂျင်နီယာ၊ ဆေးပညာ၊ သင်ကြားရေးအပိုင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ရေကြောင်းထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ဘူမိဗေဒ၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဘဏ်နှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ တက္ကသိုလ်များစွာရှိကြပြီး ထိုတက္ကသိုလ်များအားလုံးက အသိအတတ်ပညာရှင်များစွာကို မွေးထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် နိုဗိုစီဗစ်တွင် ထင်ရှားကျော်ကြားသော အဆင့်မြင့် အမျိုးသားစာကြည့်တိုက်များစွာလည်း ရှိပါသေးသည်။ ပြည်သူ့ရေးရာ၊ သိပ္ပံနှင့် နည်းပညာ၊ ဒေသဆိုင်ရာ၊ လူငယ်နှင့် ကလေးသူငယ်ဆိုင်ရာ စာကြည့်တိုက်များက အထူးနာမည်ကြီးသည်ဟုဆိုပါသည်။ စာကြည့်တိုက်နှင့်အတူ ပြတိုက်အမျိုးများစွာလည်းထင်ရှားသည်။ ကမ္ဘာကျော် နိုဗိုစီဗစ် တိရစ္ဆာန်ဥယျာဉ်ဆိုလျှင် ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာ နေရာတစ်ခုအဖြစ်လည်း ထင်ရှားပါသည်။

အချုပ်အားဖြင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရ ပဒေသာကပွဲမှတစ်ဆင့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံတို့အကြား အပြန်အလှန်လေးစားမှုနှင့် နားလည်မှုအခြေခံသော ချစ်ကြည်ရေးကို ခိုင်ခိုင်မာမာ ညွှန်းဆိုနိုင်ခဲ့ကြပြီဟု ဆိုရပါမည်။

နိုင်ငံတော်အကြီးအကဲနှင့် ဧည့်သည်ခေါင်းဆောင်တို့၏ ပြောကြားချက်များကို ကိုးကား၍လည်း နှစ်နိုင်ငံပြည်သူများအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းအတည်ပြုနိုင်ခဲ့ကြပါပြီ။ ဆက်လက်၍ လှပသောအနုပညာကို မျှဝေခံစားပြီး အတားအဆီးအားလုံးကို ကျော်ဖြတ်ကြရန်ဖြစ်ပါသည်။ သို့မှသာ ငြိမ်းချမ်းမှုကိုရရှိမည်၊ ချစ်ကြည်မှုကိုရရှိမည်ဟု ယုံကြည်ထား၍ဖြစ်ပါသည်။ ။


နိုဗိုစီဗစ်မြို့ရှိ အော့ဘ်မြစ်ကူးတံတား Bugrinsky Bridge ကို တွေ့ရစဉ်။

# မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် စီမံကိန်းဒေသမှ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ တရားဝင် ကျွဲ၊ နွား တင်ပို့နိုင်ရန်အတွက် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်ရေးစခန်း(AQS)၊ ခွာနာလျှာနာ ရောဂါကင်းရှင်းဇုန် (Disease Free Zone)၊ ခွာနာ လျှာနာရောဂါ ကာကွယ်ဇုန် (Disease Protection Zone)၊ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်(Disease Control Zone) များကို သတ်မှတ်ချက်အတိုင်း တည်ထောင်နိုင်ရေးအတွက် ဝန်ကြီးဌာနက မူဝါဒ ချမှတ်ပြီး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော် (၈) မြို့နယ်၌ ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်အဖြစ် ၂၀၂၁ ခုနှစ် ဇွန် ၁၁ ရက်မှစ၍ ဌာနဘဏ္ဍာရန်ပုံငွေဖြင့် အခမဲ့ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ခွာနာလျှာနာ ရောဂါထိန်းချုပ်ဇုန်အဖြစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကြေညာနိုင်ခဲ့ကြောင်း၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန် ကြေညာနိုင်ပါက နေပြည်တော်ကောင်စီနယ်မြေမှ ထွက်ရှိသည့် မွေးမြူရေးထွက်ကုန် အေးခဲသားများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တင်ပို့ခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အသေးစိတ်ဆွေးနွေးမှု ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း ရောဂါကင်းရှင်းကြောင်း အတည်ပြုချက်များရရှိပြီးပါက ကုန်သွယ် ဖက်နိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားပြီး အေးခဲ သားများထုတ်လုပ်ရန် ဆန္ဒရှိသူများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြပါ ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်များရရှိပြီး ဆောလျင်စွာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ပြည်ပတင်ပို့ခွင့်ရသည်နှင့်တစ်ပြိုင်တည်း အေးခဲသား များ တင်ပို့နိုင်ကြမည်ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များ၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းရှင်များ အား ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များ ကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက် ပေးခြင်းဖြင့် နိုင်ငံ့စီးပွားကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ အသားတင် ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်၍ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲ ကျင်းပရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများ က ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ကုန်သွယ်မှု လုပ်ငန်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တွင်ဆောင်ရွက်လျက်ရှိသည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အခမဲ့ဆောင်ရွက် ထားရှိမှုတို့ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ဆွေးနွေးပွဲတက်ရောက် လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီးက မဲခေါင်-လန်ချန်း စီမံကိန်း၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ဆောင်ရွက် သည့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ် ဆေးထိုးနှံခြင်းဆိုင်ရာ တင်ပြချက်များနှင့် ဆွေးနွေး ချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ သံလွင်ဥယျာဉ်ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



မော်လမြိုင် နိုဝင်ဘာ ၅

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည်ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းက မော်လမြိုင်မြို့ သံလွင် ဥယျာဉ်ဧရိယာ ၁၃ ဒသမ ၉၉ ဧကအတွင်း အဆင့်မြှင့်အပန်းဖြေ ဥယျာဉ်နှင့် ကစားကွင်းစီမံကိန်း ဆောင်ရွက်မှု လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေး သည်။

ဦးစွာ ရှင်းလင်းဆောင်၌ မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့နှင့် Mawlamyine Develo-pment Co.Ltdမှ မန်နေဂျင်း ဒါရိုက်တာတို့က သံလွင်ဥယျာဉ် ပန်းခြံအဆင့်မြှင့်တင်နေမှု၊ Night Market တည်ဆောက်ခြင်း၊ Promotion Area ကွန်ကရစ်ခင်း ခြင်းနှင့် အဝင်ဂိတ်တည်ဆောက် ခြင်း၊ ပြေးလမ်း၊ စက်ဘီးလမ်း တည်ဆောက်ခြင်း၊ ကလေးကစား ကွင်းနှင့် ကျန်းမာရေးအထောက် အကူပြုကိရိယာများ တပ်ဆင် ခြင်း၊ မြေယာရှုခင်းများ ပြင်ဆင် ထားရှိမှု၊ ရေပန်းများ၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိ မှုကို ရှင်းလင်းတင်ပြရာ ပြည်နယ် ဝန်ကြီးချုပ်က ပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရေး၊ အမှိုက်နှင့်စွန့်ပစ် ပစ္စည်းများ စနစ်တကျရှိစေရေး အတွက် ဆောင်ရွက်ထားရှိရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး ဆောင်ရွက်ရန် မှာကြား ၍ တာဝန်ရှိသူများနှင့် လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် မွန်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ပေါ်ထွန်းလာစေရေး အလေးထား ဆောင်ရွက်လျက် ရှိရာ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု အဆိုပြု လျှောက်ထားလာသော အခြေခံပညာ ကျောင်းများသို့ အထောက်အပံ့ပစ္စည်းများ ပေးအပ် ခြင်းအခမ်းအနားကို ယနေ့နံနက် ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများဖော်ဆောင်ရေး ဦးစီး ကော်မတီနာယကက ပြည်နယ် ဝန်ကြီးချုပ်က ယခုနှစ်တွင် ပြည်နယ်အတွင်း ကျောင်းပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ရန် အဆိုပြု လျှောက်ထားသည်ကို တွေ့ရှိရပြီး ကျောင်းဖွင့်ရာသီအတွင်း (၃)ကြိမ် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်၍ အထက်တန်းနှင့် မူလတန်းခွဲပြီး ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်ကာ ပြည်နယ် အဆင့် ပထမဆုရရှိသည့် ကျောင်း များကို အမျိုးသားအဆင့်၌ စာရင်းသွင်း ဆက်လက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု လျှောက်ထားသော အခြေခံပညာ ကျောင်းများအား အခြေခံပတ်ဝန်း ကျင်ဆိုင်ရာဘာသာရပ် ဆရာများ လက်စွဲစာအုပ်နှင့် အမှိုက်ပုံးများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန် ရှိသူများက အခြေခံပညာကျောင်း များအား အခြေခံပတ်ဝန်းကျင် ဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ်နှင့် အမှိုက်ပုံးများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ် က ဆရာ ဆရာမများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သရက်နှင့် အောင်လံမြို့၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

မကွေး နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ၂၆ ရက်က သရက်မြို့နယ် ထုံးတောင်ကျေးရွာ အောင်သစ္စာလယ်ယာနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးမောင်မြင့်၏ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေး နိုင်ရေး လိုအပ်သည့်နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေ ရေး ကြိုးစားဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် မိုးကောင်းကျေးရွာ မိုးသောက်ပန်း လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးတင်ထွေး၏ ဝါစိုက်ခင်းများအား ကွင်းဆင်း ကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရန်အတွက် ဝါစိုက်ခင်းများ တွင် ဓာတ်မြေဩဇာများအချိန်ကိုက်၊ အချိုးကျထည့်သွင်းရန်နှင့် နည်းစနစ်မှန်ကန်စေရေးဂရုစိုက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြား ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင် လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ရေပြင်၊ ဝေဟင် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်မည့်ဧရိယာ




# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများက နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပိုက်ကျော်ခြင်းအားကစားနည်း(Hoop Takraw)နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ကျော်ခြင်းအားကစားနည်း (Hoop Takraw) နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် စတင်၍ ထည့်သွင်းကျင်းပခဲ့သော ပထမဆုံးအကြိမ် Hoop Takraw ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အမျိုးသားပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခုနှင့် အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ Hoop Takraw အမျိုးသား အသင်းအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် မြန်မာ အမျိုးသမီး အသင်းအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် တက်ရောက်ကြသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ နည်းပြများအနေဖြင့် နည်းဥပဒေသ၊ စည်းမျဉ်း/စည်းကမ်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာများကို စနစ်တကျလေ့လာသင်ယူပြီး Hoop Takraw ကွင်းသွင်း ခြင်းခတ်အားကစားသမားများကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးသွားရန် တိုက်တွန်း မှာကြားလိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ပိုက်ကျော်ခြင်း(Hoop Takraw)အားကစားနည်းအတွက် အထူးအားကိုးရမည့် အနာဂတ်၏ နည်းပြကောင်းများ ဖြစ်အောင် သင်ကြားပို့ချပေးမည့် စာတွေ့/လက်တွေ့ သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူမှတ်သားပြီး ပိုက်ကျော်ခြင်း (Hoop Takraw) အားကစားနည်းဖြင့် မြန်မာ့အားကစားလောကကို မြှင့်တင်ပေးနိုင်သည့် နည်းပြကောင်းများဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်း အားထုတ်သွားရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီယဉ်ကျေးမှုထွန်းကား မုဒိတာပွားနိုင်ကြစေ...

**ကိုရေချမ်း**

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဘယ်နိုင်ငံမှာမဆို အလွန်အရေးပါတဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ နိုင်ငံရဲ့အရွေ့တစ်ခုကို ဖြစ်စေနိုင်သလို အနှောင့်အယှက်တွေ၊ အဟန့်အတားတွေ၊ အတိုက်အခိုက်တွေရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲဆိုတာ နိုင်ငံရဲ့ အရွေ့တစ်ခုဖြစ်တာမို့လို့ ရွေးကောက်ပွဲအောင်မြင်စေဖို့ လူထုလူတန်းစားအလွှာမရွေး နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာတစ်ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်နဲ့ ၂၀၂၀ ပြည့်နှစ်မှာတစ်ကြိမ် သုံးကြိမ်ကျင်းပခဲ့ပြီးနောက် ယခု ၂၀၂၅ ခုနှစ်ဟာ စတုတ္ထအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲသုံးကြိမ်မှာ အနှောင့်အယှက် အဟန့်အတားတွေ အနည်းနဲ့အများဆိုသလို ရှိခဲ့ပေမယ့် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာတော့ အနှောင့်အယှက်တွေ ပိုများလာမှာကို အားလုံးခန့်မှန်းထားပြီးသား ဖြစ်ပါတယ်။ “ရွေးကောက်ပွဲ မဖြစ်မြောက်စေရေး ပြည်တွင်း၊ ပြည်ပက အဖျက်အမှောင့်တွေ၊ လုပ်ဆောင်မယ့်သူတွေ၊ အဖွဲ့အစည်းတွေ ရှိနိုင်မှာဖြစ်ကြောင်း၊ ၎င်းတို့က နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံတွေအနေနဲ့ ထောက်ခံအားပေးတဲ့၊ အပြုသဘောဆောင်တဲ့ နိုင်ငံတွေရှိသလို ရွေးကောက်ပွဲအပေါ် စောဒကတက်တဲ့ နိုင်ငံတွေလည်းရှိနိုင်ကြောင်း” နိုင်ငံတော်အကြီးအကဲက စောစောကတည်းက ပြောထားပါတယ်။

### ပညာပေးဇာတ်လမ်း

ခန့်မှန်းထားတဲ့အတိုင်းပါပဲ။ ယခုကျင်းပမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ပျက်ပြားစေဖို့ နည်းအမျိုးမျိုးနဲ့ ကျူးလွန်တဲ့သူတွေကို တွေ့ခဲ့ရပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်ပေါ်တွေမှာ နှောင့်ယှက်တဲ့သူတွေကို “ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ” အရ အရေးယူနေရတာတွေကို တွေ့ရပါတယ်။ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ရွေးကောက်ပွဲပျက်ပြားစေဖို့ နည်းအမျိုးမျိုးနဲ့ ကျူးလွန်တဲ့အမှု ၄၀ ကျော်ကို ဖော်ထုတ်အရေးယူခဲ့တာကို တွေ့ရပါတယ်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှာ ရွေးကောက်ပွဲ အသိပညာပေးလှုံ့ဆော်မှုအနေနဲ့ “ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ” ဇာတ်လမ်းတိုတစ်ပုဒ်ကို အများပြည်သူ အသိပညာရစေဖို့ လွှင့်ထုတ်ပေးခဲ့တာကို တွေ့ရပါတယ်။

အဲဒီရွေးကောက်ပွဲ အသိပညာပေးဇာတ်လမ်းနဲ့ ဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်တွေကို ပြည်ပကို ထွက်ပြေးသွားခဲ့ကြတဲ့ အကြမ်းဖက်အဖွဲ့ အားပေးထောက်ခံသူတွေနဲ့ တရားခံပြေးတွေက လူမှုကွန်ရက် စာမျက်နှာတွေပေါ်ကတစ်ဆင့် မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသားတိုက်ခိုက်လာကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီလို ဝေဖန်ရေးသားနှောင့်ယှက်လာကြတာတွေကို ပြည်တွင်းက ပြည်သူအချို့နဲ့ အနုပညာရှင်အချို့က အားပေးထောက်ခံခဲ့ကြတာကို သက်ဆိုင်ရာက စိစစ်တွေ့ရှိရလို့ ၎င်းတို့ကိုလည်း အလားတူ အရေးယူခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

အခုလိုရွေးကောက်ပွဲကို နှောင့်ယှက်ခဲ့ကြတဲ့ အနုပညာရှင်တချို့ဟာ တည်ဆဲအစိုးရရဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်နေတာကို မလိုလားမနှစ်သက်တဲ့အပြင် မကြာမီကျင်းပမယ့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အသိပညာပေးဇာတ်လမ်းမှာ တာဝန်သိသိပါဝင်ခဲ့ကြတဲ့ အနုပညာရှင်တွေလိုလည်း မပါဝင်ဘဲ ရှောင်ဖယ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

### ပြည်သူကိုဖျော်ဖြေပေးခဲ့

နိုင်ငံတော်ရဲ့ အရေးကိစ္စမှာ ကိုယ်တိုင်ကလည်း မပါဝင်ဘဲ ရွေးကောက်ပွဲအောင်မြင်စေဖို့အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြတဲ့ အနုပညာရှင်တွေကို ပြည်ပမှ အကြမ်းဖက်အဖွဲ့ ထောက်ခံသူတွေနဲ့ တရားခံပြေးတွေရဲ့ လူမှုကွန်ရက်စာမျက်နှာတွေကတစ်ဆင့် နှောင့်ယှက်နေကြတာတွေအပေါ်မှာ ထောက်ခံရေးသား အားပေးခဲ့ကြလို့ ဥပဒေအရ အရေးယူခြင်းခံရတာဖြစ်ပါတယ်။ အနုပညာရှင်တွေဆိုတာဟာ နိုင်ငံတော်နဲ့ပြည်သူကို တတ်တဲ့ပညာတွေနဲ့ အလုပ်အကျွေးပြုကြတဲ့သူတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်သမိုင်းကြောင်း တစ်လျှောက်မှာ အနုပညာစွမ်းပကားနဲ့ နိုင်ငံတော်နဲ့ ပြည်သူကို ကောင်းမွန်တဲ့ အသိပညာတွေ၊ ခံစားမှုရသတွေ ပေးဝေနိုင်ခဲ့တာဟာ ယနေ့ထိတိုင် အမှတ်တရရှိနေဆဲဖြစ်ပါတယ်။ အချစ်၊ အလွမ်း၊ အကြမ်း၊ ဘဝသရုပ်ဖော် စတဲ့ ဇာတ်လမ်းမျိုးစုံနဲ့ ပြည်သူကို ဖျော်ဖြေခဲ့ကြတာဟာ ထိမိလှပါတယ်။

> **❝မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ အနုပညာလောကသားတွေအားလုံး တစည်းတလုံးတည်း ရပ်တည်ခဲ့ကြရာမှ မျက်မှောက်ကာလမှာ သဘောထားကွဲကြတဲ့အဖြစ်ဟာ ဝမ်းနည်းစရာဖြစ်ပါတယ်။ အနုပညာလောကသားတွေတင်မကပါဘူး။ ဝန်ထမ်းလောက၊ ပြည်သူတွေအချင်းချင်းကြားမှာ စိတ်ဝမ်းကွဲပြားအောင် အမုန်းတရားတွေ ဖန်တီးခဲ့ကြတာ။ “ငါနဲ့မတူ ငါ့ရန်သူ” ဆိုတဲ့စိတ်ဓာတ်ဟာ အစွန်းရောက်စိတ်ဓာတ်သက်သက်သာဖြစ်ပါတယ်။ ဒီလိုစိတ်ဓာတ်တွေကြောင့် တိုင်းပြည်ရဲ့ နယ်ပယ်အသီးသီးမှာ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရတာတွေကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အစိုးရဆိုတာ အချိန်ကာလအတိုင်းအတာတစ်ခုသာ နိုင်ငံ့တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူဟာ ထာဝရဖြစ်လို့ နိုင်ငံနဲ့ပြည်သူအကျိုးကို သူ - ငါ မခွဲခြားဘဲ ဖြူဖြူစင်စင်သယ်ပိုးကြဖို့လိုပါတယ်❞**

အတိတ်ခေတ်ကာလ ပြည်တွင်းသောင်းကျန်းမှုဖြစ်ပေါ်နေဆဲအချိန်မှာပဲ ပုလဲမျက်ရည်၊ ဆောင်း၊ ငါးပွင့်တစ်ခိုင်၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ နောက်ဆုံးကျည်ဆန်၊ နှောင်းတမြေ့မြေ့ စတဲ့ ရုပ်ရှင်ဇာတ်ကားတွေဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်သားတွေရဲ့ဘဝတွေကို ထင်ဟပ်ပေါ်လွင်စေခဲ့ပါတယ်။ ကြည့်ရှုခံစားရတဲ့ ပရိသတ်တွေအဖို့ တိုင်းပြည်ကိုချစ်တဲ့စိတ်၊ နိုင်ငံကိုကာကွယ်လိုစိတ်တွေ မြင့်မားစေပါတယ်။ ဒါ့အပြင် ကန္တာရဝတီ ထိပ်ထား၊ မြေပြန့်သား ဗမာအစ်ကိုရယ်၊ ချွေးနှင့်သွေးနှင့်ရင်းသည့်မြေ စတဲ့တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရုပ်ရှင်ဇာတ်ကားတွေဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ကို ထက်သန်မြင့်မားစေပါတယ်။ တိုင်းရင်းသားပြည်သူတွေအားလုံးကို အသိပညာပေးတဲ့အနေနဲ့ ဘယ်သူပြိုင်လို့ လှပါတော့နိုင်လို စာမတတ်သူပပျောက်ရေးဇာတ်ကား၊ သမန်းကျားရုပ်ရှင်ဇာတ်ကားလို လူငယ်စာရိတ္တပြုပြင်ရေးဇာတ်ကားတွေအပြင် နိုင်ငံတော်ရဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေနဲ့ ကြုံဆုံတဲ့အခါတိုင်း အနုပညာရှင်တွေအားလုံးဟာ ကျရာအခန်းကဏ္ဍကနေ အနုပညာစွမ်းပကားနဲ့ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

### မော်ကွန်းထိုးကျန်ရစ်

ရုပ်ရှင်အနုပညာရှင်တွေသာမက သဘင်၊ ဂီတ၊ အနုသုခုမ အတတ်ပညာရှင်တွေအားလုံးဟာ ဘာအရောင်အသွေးမှမပါဘဲ တိုင်းပြည်နဲ့လူမျိုးကို အလုပ်အကျွေးပြုခဲ့ကြလို့ ပြည်သူချစ်တဲ့ အနုပညာရှင်တွေလို့ ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ ဖျော်ဖြေမှုလည်းပါ၊ အနုပညာလည်းမြောက်ပြီး နိုင်ငံနဲ့ပြည်သူကိုလည်း အကျိုးပြုတဲ့ ရုပ်ရှင်ဇာတ်ကားတွေပေါ်ထွန်းရေးမှာ ပါဝင်စွမ်းဆောင်ကြတဲ့ ရုပ်ရှင်အနုပညာရှင်တွေနဲ့ အတတ်ပညာရှင်တွေရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူအားလုံးကပဲ တန်ဖိုးဖြတ်ပေးကြပါတယ်။ ပရိသတ်တွေကြားမှာ ရှင်သန်မှု၊ ကျော်ကြားမှု၊ ချီးကျူးထောမနာပြုမှုနဲ့ ဝေဖန်သုံးသပ်မှုတွေ ရှိစမြဲဖြစ်ပေမယ့် အနုပညာရှင်တွေဟာ အနုပညာရှင်တွေအဖြစ်နဲ့ပဲ သက်ဆုံးတိုင် ရှင်သန်ဖြတ်ကျော်နိုင်ခဲ့ကြပါတယ်။ လူပင်သေသော်လည်း နာမည်မသေတဲ့ အနုပညာရှင်တွေအဖြစ် မော်ကွန်းထိုးကျန်ရစ်ခဲ့ပါတယ်။

အတိတ်တစ်ချိန်က မြန်မာ့ရုပ်ရှင်လောကသားတွေရဲ့ နိုင်ငံနဲ့လူမျိုးအပေါ်မှာ အနုပညာစွမ်းပကားတွေနဲ့ ကဏ္ဍအစုံစုံ၊ နယ်ပယ်မျိုးစုံမရွေး ပညာရပ်အသွယ်သွယ်နဲ့ အလုပ်အကျွေးပြုခဲ့ကြတာတွေဟာ ဂုဏ်ယူလို့မဆုံးနိုင်အောင်ဖြစ်စေပါတယ်။ အနုပညာရှင်တွေဆိုတာဟာ ဘဝကိုပုံအပ်ပြီး အယုတ်အလတ်အမြတ်မရွေး လူတန်းစားအားလုံးကို ဖျော်ဖြေတင်ဆက်ကြရသူတွေဖြစ်တာမို့ မွန်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေလို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ စတဲ့အနုပညာသမိုင်းကြောင်းတစ်လျှောက်မှာ နိုင်ငံသမိုင်းကြောင်းနဲ့အတူ တစ်သားတည်းလိုက်ပါရင်း အနုပညာနဲ့ တာဝန်ကျေပွန်ခဲ့ကြသူတွေဖြစ်လို့ အစိုးရအဆက်ဆက်၊ ပြည်သူအဆက်ဆက်ရဲ့ အသိအမှတ်ပြုခြင်း ခံကြရသူတွေဖြစ်ပါတယ်။

### ဖြူဖြူစင်စင် သယ်ပိုး

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ အနုပညာလောကသားတွေအားလုံး တစည်းတလုံးတည်းရပ်တည်ခဲ့ကြရာမှ မျက်မှောက်ကာလမှာ သဘောထားကွဲကြတဲ့အဖြစ်ဟာ ဝမ်းနည်းစရာဖြစ်ပါတယ်။ အနုပညာလောကသားတွေတင်မကပါဘူး။ ဝန်ထမ်းလောက၊ ပြည်သူတွေအချင်းချင်းကြားမှာ စိတ်ဝမ်းကွဲပြားအောင် အမုန်းတရားတွေ ဖန်တီးခဲ့ကြတာ။ “ငါနဲ့မတူ ငါ့ရန်သူ” ဆိုတဲ့ စိတ်ဓာတ်ဟာ အစွန်းရောက်စိတ်ဓာတ်သက်သက်သာဖြစ်ပါတယ်။ ဒီလိုစိတ်ဓာတ်တွေကြောင့် တိုင်းပြည်ရဲ့ နယ်ပယ်အသီးသီးမှာ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရတာတွေကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အစိုးရဆိုတာ အချိန်ကာလအတိုင်းအတာတစ်ခုသာ နိုင်ငံ့တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူဟာ ထာဝရဖြစ်လို့ နိုင်ငံနဲ့ပြည်သူအကျိုးကို သူ - ငါ မခွဲခြားဘဲ ဖြူဖြူစင်စင် သယ်ပိုးကြဖို့လိုပါတယ်။

### တိုင်းပြည်ဖျက်ဆီးသူ

ပြည်သူတွေမျှော်လင့်ချက်ဆန္ဒဖြစ်တဲ့၊ နိုင်ငံအတွက် အပြောင်းအလဲအရွေ့တစ်ခုဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ဖို့အတွက် ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းတစ်ပုဒ် လွှင့်ထုတ်လိုက်တဲ့အခါမှာ အနုပညာစွမ်းပကားနဲ့ ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့ အနုပညာရှင်တွေကို မှိုချိုး မျှစ်ချိုး ပြောဆိုဝေဖန်အပုပ်ချတာဟာ အလွန်စက်ဆုပ်စရာကောင်းပါတယ်။ ပြည်သူတွေ အထင်အမြင်လွဲမှားအောင်၊ အနုပညာရှင်တွေ ဂုဏ်သိက္ခာကျအောင်၊ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့တွေနဲ့ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားအောင် လှုံ့ဆော်ရေးသားထုတ်လွှင့်ကြတဲ့သူတွေနဲ့ ထောက်ခံအားပေးကြတဲ့သူတွေဟာ ဇာတ်တူသားစားတဲ့ တိုင်းပြည်ဖျက်ဆီးတဲ့သူတွေပါပဲ။

အနုပညာရှင်တွေဆိုတာဟာ နိုင်ငံနဲ့ပြည်သူတွေက မွေးဖွားပေးလိုက်တဲ့သူတွေပါပဲ။ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ဘက်ပေါင်းစုံက လေ့လာသုံးသပ်ကြည့်ပြီး နိုင်ငံနဲ့ပြည်သူအားလုံး မျှော်လင့်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ဖို့အတွက် တတ်နိုင်တဲ့ဘက်က အားပေးကူညီဖို့လိုပါတယ်။ နိုင်ငံတော်က ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ ယိမ်းယိုင်ခဲ့တဲ့ စီးပွားရေးပြန်လည်နာလန်ထူလာအောင် ကြိုးပမ်းနေချိန်မှာ အနုပညာစွမ်းပကားနဲ့ တစ်တပ်တစ်အား ပါဝင်ကြဖို့လိုပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်လာရင် လူတိုင်းဟာ အယူအဆ၊ သဘောထား ထပ်တူမကျနိုင်တာဟာ သဘာဝပါပဲ။ ဒါပေမဲ့ ယုံကြည်ချက်၊ ရပ်တည်ချက် ထပ်တူမကျတဲ့အပေါ် နာကြည်းမုန်းတီးမှုတွေ၊ ရန်လိုတိုက်ခိုက်မှုတွေ အထူးသဖြင့် အနုပညာလောကသားအချင်းချင်းအပေါ် မကျေနပ်မှုတွေ၊ ရန်လိုမှုတွေပြုလုပ်တာဟာ သဘောထားကျဉ်းမြောင်းတဲ့ မပြုလုပ်သင့်တဲ့အလုပ်ကို လုပ်ကြတာဖြစ်ပါတယ်။

### မုဒိတာစိတ်ထား

ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် ရုပ်ရှင်လောက အနုပညာသမားတွေသာမက နယ်ပယ်အသီးသီးမှာ များသောအားဖြင့် ဖြစ်နေတာက သူတို့နဲ့အရောင်မတူရင်၊ သူတို့အားထားတဲ့ ပုဂ္ဂိုလ်မဟုတ်ရင် ဘာပဲလုပ်လုပ် လက်မခံဘူး၊ ဆန့်ကျင်မယ်၊ ရပ်တည်လို့မရအောင် တွန်းလှဲမယ်ဆိုတဲ့ အာဃာတစိတ်တွေနဲ့ အလုပ်လုပ်နေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အများပြည်သူဆန္ဒဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေတဲ့အချိန်၊ အာဏာရှင်ကိုမလိုလား၊ ဒီမိုကရေစီကိုလိုလားတယ်ဆိုရင် ဒီမိုကရေစီစံနှုန်းတွေဖြစ်တဲ့ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အတူတွဲလုပ်ကြတဲ့ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားလာအောင် ပြုလုပ်ကြဖို့လိုပါတယ်။ အယူအဆသဘောထားကွဲပြားလို့ ကိုယ်ယုံကြည်ရာလမ်းကို လျှောက်မယ်ဆိုရင်လည်း တိုင်းပြည်နဲ့ လူမျိုးအကျိုးကို သယ်ပိုးပေးနေတဲ့သူတွေအပေါ်မှာတော့ မုဒိတာစိတ်ထား ထားစေချင်ပါတယ်။ ။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့်(၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်နှင့် ပြည်သူများက အားထားရသည့် အုပ်ချုပ်ရေးဌာနကြီးတစ်ခုအဖြစ် အခိုင်အမာဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အရာထမ်းငယ် အခြေခံသင်တန်းတွင် စံပြဆုရရှိခဲ့သည့် ဝန်ထမ်းအား ဂုဏ်ပြုဆု၊ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းမှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လမ်းပိုင်းများ နိုင်လွန်ကတ္တရာခင်းနေမှု၊ လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုနှင့် လယ်ဝေးမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု၊ နိုင်လွန်ကတ္တရာခင်းနေမှု၊ လမ်းလယ်ကျွန်းများ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၄ ရက်က နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် သစ်တောကျေးရွာ၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ၍ သဘာဝမြေဩဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ သဘာဝမြေဩဇာပြုလုပ်နည်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာပေးရေး၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့်ဖြန့်ဖြူးပေးသော ဓာတ်မြေဩဇာများကို အမှန်တကယ်လိုအပ်သော တောင်သူများ လက်ဝယ်သို့ရောက်ရှိရေး၊ တစ်နှစ်သုံးသီးရာသီပြည့် စိုက်ပျိုးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးစေ့ချကိရိယာ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ သဘာဝမြေဩဇာနှင့် နေကြာမျိုးစေ့၊ သဘာဝမြေဩဇာများနှင့် အောင်နိုင်တိုးမျိုးစပါးများကို တောင်သူများထံ ပေးအပ်ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၅**

ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ညနေပိုင်းတွင် မိုင်းပွန်မြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ထိုသို့ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ဂုဏ်ပြုပန်းကုံးများစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ် အက အခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ ဆောင်းသီးနှံ ဧက ၅၇၆၀၀ စိုက်ပျိုးမည်

**ရွှေတောင် နိုဝင်ဘာ ၅**

ပြည်ခရိုင် ရွှေတောင် မြို့နယ်ရှိ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်အတွက် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် ဆောင်းသီးနှံ စုစုပေါင်းဧက ၅၇၆၀၀ စိုက်ပျိုးနိုင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၂၇၄၄ ဧက၊ နေကြာဧက ၉၉၀၊ မြေပဲ ၁၅၈၉၃ ဧက၊ နှမ်း ၄၆၇၅ ဧက၊ မတ်ပဲ ၂၀၀၅၃ ဧက၊ ပဲတီစိမ်းဧက ၁၀၅၀၊ ပဲလွမ်းဧက ၂၀၇၀၊ ဗိုလ်ကိတ် ၃၂၀၅ ဧက၊ ထောပတ်ဧက ၄၂၁၀၊ ကုလားပဲ ၃၀၄ ဧက၊ ပဲကြီးဧက ၁၈၈၀ နှင့် ပဲနောက် ၅၂၅ ဧက စုစုပေါင်းဧက ၅၇၆၀၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးယာများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခဲ့ကြောင်း၊ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်တိုးအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့်မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့် အထောက်အပံ့များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် "Satellite- based Broadcast Technology " သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် "Satellite – based Broadcast Technology" သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်၊ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် Thaincom Public Company Limited မှ သင်တန်းနည်းပြ နှစ်ဦးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် Thaicom Public Company Limited မှ satellite အင်ဂျင်နီယာများက satellite အသုံးပြု ရုပ်သံထုတ်လွှင့်နည်းပညာများနှင့် Broadcast satellite Generation များ အကြောင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲရှိ အင်ဂျင်နီယာများအား စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်း ၂၆ ဦး တက်ရောက်ပြီး နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ တက်ရောက်



**စစ်တွေ နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးရှေ့ ဝင်္ကဘာကွင်း၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို ရခိုင်မင်္ဂလာစည်တော်တီး၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ဗုဒ္ဓပူဇနိယ ယိမ်းအကဖြင့် ကပြဖျော်ဖြေနေမှု၊ ရခိုင်ဂန္ထဝင်အဆိုကျော် ဦးမောင်သိန်း၊ အဆိုကျော် မြတ်ခိုင်ကျော်၊ ခိုင်ကျော်လင်းတို့က ရခိုင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြပြီး ဝင်္ကဘာကွင်းအတွင်းမှ မီးပုံးပျံများ လွှတ်တင်ကြကာ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ တည်ဆောက်ရေး ကုမ္ပဏီများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စတုဒိသာ ကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများသည် လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ကျင်းပသော တန်ဆောင်တိုင်ပွဲတော် ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲသို့ တက်ရောက်ကြပြီး လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓ ရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဦးဆောင်ကာ ဆီမီး ထွန်းညှိပူဇော်ပေးကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆီမီးထွန်းညှိပူဇော်မှုကို ကြည့်ရှုအားပေးကြကာ စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထို့အတူ တန်ဆောင်တိုင်ပွဲတော် ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီး၊ ရန်ပြေမာန်ပြေ ဗဟိုကိုးနဝင်းဓာတုဇေစေတီနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အင်္ဂမအကြိမ် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ -၂၀၂၅ ရှန်ဟိုင်းမြို့၌ စတင်ကျင်းပ

**ရှန်ဟိုင်း နိုဝင်ဘာ ၅**

အင်္ဂမအကြိမ်တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ (China International Import Expo– CIIE) ကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ရှန်ဟိုင်းမြို့ရှိ National Exhibition and Convention Center– NECC)၌ ကျင်းပလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ဖွင့်ပွဲကျင်းပသည်။

ယခုနှစ် CIIE တွင် ကမ္ဘာ့ထိပ်တန်းစက်မှုနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ ၁၀ ခု ပါဝင်ပြသထားပြီး ကမ္ဘာကျော်ကောက်ပဲသီးနှံလုပ်ငန်း လေးခုအပါအဝင် နိုင်ငံတကာ ထိပ်တန်းကုမ္ပဏီများ ပါဝင်ပြသထားသည်ကိုတွေ့ရသည်။ ပြပွဲအတွင်း အဓိကဖိုရမ်တစ်ခု၊ ဆက်စပ်ဖိုရမ် ၃၃ ခုနှင့် အင်္ဂမအကြိမ်မြောက် ဟုန်ချောင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယခုနှစ်ပြပွဲသို့ နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ လုပ်ငန်းမျိုးစုံ၊ ထုတ်ကုန်မျိုးစုံတို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပါဝင်ပြသလျက်ရှိပြီး ပြပွဲဧရိယာ စတုရန်းမီတာ ၄၃၀၀၀၀ အကျယ်အဝန်းအတွင်း နိုင်ငံတကာနှင့် တရုတ်ကုမ္ပဏီ ၄၁၀၀ က ခင်းကျင်းပြသခြင်းဖြစ်သည်။ ပြခန်းအရေအတွက်မှာ ယမန်နှစ်ကထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲ အခမ်းအနားအတွင်း တရုတ်နိုင်ငံဝန်ကြီးချုပ် Li Qiang (လီချန်း)က မိန့်ခွန်းပြောကြားရာ၌ အခွင့်အလမ်းသစ်များ ပိုမိုအားဖြည့်ထားသည့် အပြင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။




ပြခန်းများတွင် စက်ရုပ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာနှင့် ဆေးဝါးသစ်များ၊ အိမ်သုံးထုတ်ကုန်များ၊ အလှကုန်များစသည့် ကဏ္ဍအသီးသီးတွင်နိုင်ငံတကာထိပ်တန်းကုမ္ပဏီများဖြစ်သည့် Bayer၊ Slemens၊ Nestle စသည့် ကုမ္ပဏီများကို မြင်တွေ့ရပြီး အာဖရိကဒေသများမှ ပြခန်းများမှာလည်း ယမန်နှစ်ကထက် ၈၀ ရာခိုင်နှုန်းအထိ တိုးတက်၍ များပြားစွာ ပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံမှလည်း လက်မှုပစ္စည်းများ၊ ကော်ဖီ၊ ပျားရည် အစရှိသည့် စားသောက်ကုန်များနှင့် လယ်ယာထွက် စိုက်ပျိုးရေးထုတ်ကုန်များ ပြသထားသည်။

ပြခန်းများကို နိုင်ငံအလိုက်ပြခန်းများ၊ ဆေးဝါးနှင့် ကျန်းမာရေးထုတ်ကုန်များ၊ မော်တော်ကားနှင့် နည်းပညာမြင့် စက်တပ်ယာဉ်များ၊ အစားအစာနှင့် လယ်ယာထွက်ကုန်များ၊ လုပ်ငန်းအသီးသီးတို့၏ ပို့ကုန်၊ သွင်းကုန်များ စသည်ဖြင့် ကဏ္ဍများအလိုက် နိုင်ငံသီးသီးက နောက်ဆုံးပေါ် ထုတ်ကုန်များနှင့် နည်းပညာများကိုပြသထားသည်။ ထူးခြားမှုအနေဖြင့် လူပုံသဏ္ဌာန်တူစက်ရုပ်များ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဝန်ဆောင်မှုအသစ်ပေါင်း ၄၆၁ ခုကို ထည့်သွင်းပြသထားခြင်းဖြစ်သည်။

ယခုကျင်းပသည့် ပြပွဲသည် တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀)မြောက် အစည်းအဝေးအပြီးတွင် ပထမဆုံးကျင်းပသည့် စီးပွားရေးဆိုင်ရာ ပြပွဲလည်းဖြစ်သည်။ ယခုပြပွဲတွင် သွင်းကုန်များကို အဓိကထားပြသခြင်းဖြစ်သဖြင့် ပြည်ပမှပြပွဲအတွက် တင်သွင်းသည့် ပစ္စည်းများ အကြိမ်ရေ ၄၀၀၀ ကို တရုတ်နိုင်ငံအတွင်း လွယ်ကူစွာတင်သွင်းနိုင်ရန် ရှန်ဟိုင်းအကောက်ခွန်ဌာနက ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းတန်ဖိုးယွမ် ရှစ်ဘီလီယံကျော်လွန်ခဲ့ကြောင်း အောက်တိုဘာ ၁ ရက်က သတင်းထုတ်ပြန်ထားသည်။ ပြပွဲကို ယနေ့မှ နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**



# ဗီယက်နမ်နိုင်ငံ၌ သွန်းလောင်းထုလုပ်ပူဇော်အပ်သော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးခေါင်းတော် တပ်ဆင်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဟာပုညဝိဟာရ(ဗီယက်နမ်)ကျောင်းတိုက် တွင် ဗီယက်နမ်–မြန်မာချစ်ကြည်ရေး သာသနာပြုလုပ်ငန်းစဉ်အရ ဗီယက်နမ်နိုင်ငံတွင် သွန်းလောင်းထုလုပ်ပူဇော်အပ်သော ဉာဏ်တော်အမြင့် ၁၉ ပေရှိ ထိုင်တော်မူ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများအား တပ်ဆင်ပူဇော်ခဲ့ရာ ယနေ့နံနက်ပိုင်းက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဦးခေါင်းတော်တပ်ဆင်ရန်အတွက် အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားခဲ့သည်။

ဦးစွာ ဆရာတော်သံဃာတော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မြန်မာနိုင်ငံရောက် ဗီယက်နမ်နိုင်ငံသားများက နမောတဿသုံးကြိမ်ရှိခိုး ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးနိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကပါဠိပါရဂူ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့သည်။

ဆက်လက်၍ ပွင့်လင်းဆရာတော် ဘဒ္ဒန္တ ပညိန္ဒိက ထိုင်တော်မူ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းကြောင်း အကျဉ်းချုပ်နှင့် ဘုရားကြီးအား ပင့်ဆောင်ပူဇော်ခဲ့သော မဟာပုညဝိဟာရ(ဗီယက်နမ်) ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘန္ဒန္တဝိမလ ဗီယက်နမ် ဆရာတော်၏ စိတ်အားထက်သန်မှုတို့ကို ရှင်းလင်းပြောကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ် ဘုရားကန်တော့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ စစ်သံမှူး Mr.Dao Van Duy၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးငွေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရောက် ဗီယက်နမ်နိုင်ငံသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာသက်ခိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၅ ရက်တွင် သာသနိကအဆောက်အအုံများ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိရန်နှင့် စေတီတော်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။**

မျိုးသိန်း(ပြန်/ဆက်)

# လက်ဘနွန်နှင့် နယ်သာလန် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

ဘေရွတ် နိုဝင်ဘာ ၅

လက်ဘနွန်နှင့်နယ်သာလန်တို့ကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို နိုဝင်ဘာ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းသဘောတူညီချက်အရ နယ်သာလန်နိုင်ငံသည် လက်ဘနွန်တပ်မတော်အား ကန်ဒေါ်လာ ၇ ဒသမ ၅ သန်းကို ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို လက်ဘနွန်ကာကွယ်ရေးဝန်ကြီး မီချယ်မီနေဆာနှင့် နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင် ဗရီကယ်မန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

၎င်းသဘောတူညီချက်အရလက်ဘနွန်တပ်မတော်၏ လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အရည်အချင်းမြှင့်တင်ရေးနှင့် နယ်စပ်ထိန်းချုပ်ရေးကိစ္စရပ်များတွင် နယ်သာလန်က ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီက ပြောသည်။ လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီတပ်ဖွဲ့တွင် နယ်သာလန်က ပါဝင်ဆောင်ရွက်မှုနှင့် ၂၀၂၀ ပြည့်နှစ် ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုတွင် အကူအညီပေးခဲ့ခြင်းအတွက် နယ်သာလန်အား ကျေးဇူးတင်ရှိကြောင်း မီနေဆာက ပြောသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ငွေကြေးအကူအညီပေးခြင်း အပါအဝင် လက်ဘနွန်နိုင်ငံ၏ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗရီကယ်မန်က ပြောသည်။ နယ်သာလန်ကာကွယ်ရေးဝန်ကြီးသည် လက်ဘနွန်သမ္မတ ဂျိုးဇက် အေရွန်နှင့် တွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အစ္စရေးက လက်ဘနွန်နယ်စပ်အား ထိပါးနေခြင်းနှင့်ပတ်သက်၍ အစ္စရေးအား နိုင်ငံတကာက ဖိအားပေးဆောင်ရွက်ရန်အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အား အစ္စရေးက လိုက်နာဆောင်ရွက်ရေး ကူညီတိုက်တွန်းရန် လက်ဘနွန်သမ္မတ ဂျိုးဇက် အေရွန်က နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင်ဗရီကယ်မန်အား ပန်ကြားခဲ့သည်။ လက်ဘနွန်နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် နယ်သာလန်က ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင်ဗရီကယ်မန်က ပြောသည်။



ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

# ဆူဒန်နိုင်ငံ၏ မြို့နှစ်မြို့၌ အငတ်ဘေးဆိုက်လျက်ရှိကြောင်း ကုလသမဂ္ဂ ကြေညာ

ခါတွန် နိုဝင်ဘာ ၅



ဆူဒန်နိုင်ငံ၏ မြို့နှစ်မြို့၌ အငတ်ဘေးဆိုက်လျက်ရှိကြောင်း ကုလသမဂ္ဂက ယနေ့ကြေညာခဲ့သည်။ ကုလသမဂ္ဂက လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အခြေအနေကိုပိုမိုဆိုးရွားစေသည့် တပ်မတော်နှင့် အရန်တပ်ဖွဲ့များကြား ပစ်ခတ်တိုက်ခိုက်မှုများကို အဆုံးသတ်ရန်လည်း တောင်းဆိုထားသည်။

ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာဒေသနှင့်တောင်ဘက်ရှိကာဒတ်လီတို့တွင် ငတ်မွတ်ခေါင်းပါးမှုအခြေအနေများကို အတည်ပြုနိုင်ခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် အခြားကုလသမဂ္ဂအေဂျင်စီများ ပါဝင်သော ကော်မတီက အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

အစားအစာ အလွန်အမင်း ပြတ်လပ်နေသည့် အိမ်ထောင်စု အနည်းဆုံး ၂၀ ရာခိုင်နှုန်းနှင့် အာဟာရချို့တဲ့သည့် ကလေးငယ် အနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိသည့် ဒေသကို အငတ်ဘေးဆိုက်ရောက်နေသည်ဟု သတ်မှတ်ကြောင်း သိရသည်။

ကော်မတီက လာမည့်နှစ် ဇန်နဝါရီလအထိ အငတ်ဘေးများ ဆက်လက် ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် ဆူဒန်လူဦးရေ၏ ထက်ဝက်နီးပါးဖြစ်သည့် ပြည်သူ ၂၁ သန်းကျော်သည် အငတ်ဘေး အပါအဝင် စားနပ်ရိက္ခာမလုံလောက်မှုဒဏ်ကို ဆိုးရွားစွာ ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည့် အီဖာဆာမြို့ကို ဆူဒန်၏ အရန်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့က အောက်တိုဘာလ နှောင်းပိုင်းတွင် သိမ်းပိုက်ခဲ့သည်။

အောက်တိုဘာ ၂၈ ရက်က အီဖာဆာမြို့ရှိဆေးရုံ တိုက်ခိုက်ခံရပြီး လူနာ ၄၆၀ ကျော် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။**ကိုးကား –အင်န်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**

# လာအိုနိုင်ငံက ပထမဆုံး ဒစ်ဂျစ်တယ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူ

ဗီယင်ကျန်း နိုဝင်ဘာ ၅

လာအိုနိုင်ငံက ၎င်း၏ ပဉ္စမမြောက်လူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်းကောက်ယူမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုဝင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်မှုရှိစေရန် လူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်သည်။

သန်းခေါင်စာရင်းသည် လူဦးရေ၊ ဖွဲ့စည်းပုံ၊ ကြီးထွားမှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာအချက်အလက်အပြင် လူမျိုးရေး၊ မသန်စွမ်းမှု၊ အိမ်ရာ၊ ပညာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များကို စုဆောင်းကောက်ယူမည်ဖြစ်သည်။ ရလဒ်များသည် တိုင်းရင်းသားလူမျိုးစုအားလုံးတွင် နေထိုင်မှုဆိုင်ရာ အခြေအနေများကို သိမြင်စေမည်ဖြစ်ပြီး အစိုးရ၏မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို လမ်းညွှန်ပေးနိုင်မည်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီက နိုဝင်ဘာ ၅ ရက်တွင် ဖော်ပြသည်။

ထို့ပြင် အဆိုပါလုပ်ငန်းစဉ်ကို လေးနှစ်ကြာ ပြင်ဆင်ပြီးနောက် လာအိုနိုင်ငံ၏ ပထမဆုံးဒစ်ဂျစ်တယ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှုဖြစ်သည်။ ဒစ်ဂျစ်တယ်စနစ်သည် အချက်အလက်တိကျမှုနှင့် သုံးစွဲနိုင်မှုကို တိုးတက်စေပြီး အမျိုးသားစာရင်းအင်းစနစ်ကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဟားမတ်စ်အဖွဲ့အား တိုက်ခိုက်သွားမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၅

ဂါဇာဒေသရှိ အစ္စရေးတပ်ဖွဲ့များတပ်စွဲထားရာ အဝါရောင်မျဉ်း အတွင်းရှိ ဟားမတ်စ်အဖွဲ့ဝင်များ ခိုအောင်းရာ ဥမင်လိုဏ်ခေါင်းများကို တိုက်ခိုက်သွားမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။



အစ္စရေး၏ ဂါဇာဒေသဆိုင်ရာမူဝါဒမှာ ရှင်းလင်းပြတ်သားပြီး မိမိတို့ တပ်ဖွဲ့ဝင်များထိန်းချုပ်ထားရာ အဝါရောင်မျဉ်းအတွင်းရှိ ဟားမတ်စ်အဖွဲ့ဝင်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးကတ်က လူမှုမီဒီယာအိက်စ်တွင်ပြောသည်။ အစ္စရေး၏ရည်ရွယ်ချက်မှာ ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစင်သည့် ဒေသဖြစ်လာစေရေးပင်ဖြစ်ကြောင်း ၎င်းကပြောသည်။

အစ္စရေးနှင့် ဟားမတ်စ်ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရေး၊ ဓားစာခံများလဲလှယ်ရေးနှင့် လူသာချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ ဂါဇာဒေသတွင်းသို့ ဝင်ရောက်ခွင့်ပြုရေးတို့ကို သတ်မှတ်ထားသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးက နှစ်ရှည်ပြစ်ဒဏ်များ ကျခံနေရသည့် ပါလက်စတိုင်းအကျဉ်းသား ၂၅၀နှင့် ဂါဇာဒေသမှ ထိမ်းသိမ်းခဲ့သည့် အကျဉ်းသား ၁၇၁၈ ဦးကို လွှတ်ပေးခဲ့ကာ အပြန်အလှန်အနေဖြင့် ဟားမတ်စ်ကလည်း အစ္စရေးဓားစာခံ ၂၀ နှင့် ရုပ်အလောင်း ၂၀ ကို လွှဲပြောင်းပေးခဲ့သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပျမ်းမျှကမ္ဘာ့အပူချိန် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာဖွယ်ရှိ

ကုလသမဂ္ဂ နိုဝင်ဘာ ၅

ကမ္ဘာ့နိုင်ငံများက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး ရည်မှန်းချက်အသစ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သော်လည်း ပျမ်းမျှကမ္ဘာ့အပူချိန်သည် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယခုလအတွင်း ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP30) မတိုင်မီ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က ၎င်း၏နှစ်ပတ်လည်ဓာတ်ငွေ့ထုတ်လွှတ်မှု အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၅၇ ဒသမ ၇ ဂစ်ဂါတန်နှင့်ညီမျှသော ကမ္ဘာ့ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် ယခင်နှစ်ကထက် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရာစုနှစ်တစ်လျှောက် ပျမ်းမျှကမ္ဘာ့အပူချိန်သည် ၂ ဒသမ ၃ မှ ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာမည်ဟု အစီရင်ခံစာက ခန့်မှန်းထားသည်။ အဆိုပါခန့်မှန်းချက်သည် ပါရီသဘောတူညီချက်ကို အခြေခံထားသည်။ ယမန်နှစ်ကထက် သုည ဒသမ ၃ ဒီဂရီ ပိုမိုမြင့်တက်လာသည်။

၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှု ၄၀ ရာခိုင်နှုန်း လျှော့ချရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ အမှုဆောင်ဒါရိုက်တာ အင်ဂျာ အန်ဒါဆန်က ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ၂၀ နှင့် အခြားစီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများအား ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရာသီဥတုဆိုင်ရာလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံကြရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်ပြည်ထောင်စု လူဝီဗီးလ်မြို့ရှိ နိုင်ငံတကာလေဆိပ်၌ ကုန်တင်လေယာဉ်တစ်စင်း မီးလောင်

ဝါရှင်တန် နိုဝင်ဘာ ၅

အမေရိကန်ပြည်ထောင်စု လူဝီဗီးလ်မြို့ရှိ နိုင်ငံတကာလေဆိပ်၌ ကုန်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ကင်တပ်ကီပြည်နယ်အုပ်ချုပ်ရေးမှူးအန်ဒီဘီရှီးယားက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဟာဝိုင်အီပြည်နယ် ဟိုနိုလူလူမြို့သို့ ထွက်ခွာမည့် အမေရိကန်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီပိုင် MD-11 လေယာဉ်သည် နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်ပျက်စီးခဲ့ကြောင်း ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

လေယာဉ်ပေါ်တွင် အမှုထမ်းသုံးဦးနှင့် ခရီးသည်လေးဦးလိုက်ပါခဲ့ကြောင်း လူဝီဗီးလ်မြို့တော်ဝန် ခရေ့စ်ဂရင်းဘာ့ဂ်ျက ပြောကြားသည်။ ဗီဒီယိုမှတ်တမ်းများအရ ပြေးလမ်းပေါ်တွင်လေယာဉ်၏အနောက်ဘက်ပိုင်းမှ မီးတောက်များနှင့် မီးခိုးများထွက်ပေါ်ပြီး ပေါက်ကွဲခဲ့ကြောင်း သိရသည်။



လေယာဉ်မီးလောင်ပေါက်ကွဲမှုကြောင့် မီးတောက်မီးလျှံများ ကောင်းကင်ယံသို့ လွင့်ပျံတက်သွားခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်ကားများ ရောက်ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ နိုင်ငံတကာလေဆိပ်သည် အမေရိကန်၏ ကမ္ဘာအနှံ့အပြား ထောက်ပံ့ပို့ဆောင်ရေးအတွက် အဓိကအချက်အချာနေရာဖြစ်သည်။ **ကိုးကား –အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# ကရင်ပြည်သူ့ပါတီ (KPP) က ငင်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ ၅

**ကရင်ပြည်သူ့ပါတီ (KPP)ဥက္ကဋ္ဌ နန့်ခင်အေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**“အားလုံးပဲမင်္ဂလာရှိသောနေ့ဖြစ်ပါစေရှင်”**

ကျွန်မကတော့ ကရင်ပြည်သူ့ပါတီ(KPP) ရဲ့ ဥက္ကဋ္ဌ နန့်ခင်အေးဦး ဖြစ်ပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထု အများ ရှေ့မှောက် စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်မတို့ပါတီအမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီ(KPP)ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်မတို့ရဲ့ပါတီကို စတင်ထူထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ သွေးချင်းကရင်လူမျိုးများနှင့် ပြည်သူများအနေဖြင့် တရားဝင် နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်း တစ်ရပ် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နှင့် အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသားပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသော ဆန္ဒဖြင့် ပြည်သူများဟူသော အမည်ထည့်သွင်းလျက် တိုင်းရင်းသား ပြည်သူများ၏ ပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

ကရင်ပြည်သူ့ပါတီ၏မူဝါဒကို တင်ပြလိုပါတယ်။

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေးကို ပါတီ၏ နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။

**ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထားများ-**

- မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည်အေးချမ်းသာယာမှုကို ရေးရှုနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မိသားတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက်ရန်အတွက် ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြင့်လာရေးအတွက် အခြေခံကျသော ပညာရေးဖွံ့ဖြိုးမှုကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် လိုအပ်သည်လို့ ယုံကြည်ပါတယ်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်သောစနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏ မျိုးနွယ်စုအစွဲ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသအစွဲ စသော မတူကွဲပြားမှုများအပေါ် အစွဲအလမ်းမရှိဘဲ ကရင်တိုင်းရင်းသားအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာ ရှုမြင်သဘောထားပါတယ်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်မျိုးနွယ်များသည် လူမျိုးတစ်မျိုးအနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။
- ကရင်လူမျိုးတို့၏ အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့် တန်ဖိုးများကို အခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ် အေးချမ်းသာယာလှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် လေးစားတန်ဖိုးထားမှသာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**ကရင်ပြည်သူ့ပါတီ၏ ရည်ရွယ်ချက်-**

၁။ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ထောင်နိုင်ရန်၊

၂။ ပြည်သူများ၏ လူနေမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်၊

၃။ ကရင်မျိုးနွယ်စုများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသော အခွင့်အရေးများ ရရှိနိုင်ရန်၊

၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရန်၊

**ကရင်ပြည်သူ့ပါတီ၏ လုပ်ငန်းစဉ်-**

၁။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၂။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ အဂတိလိုက်စားမှုကိစ္စရပ်များအား တိုက်ဖျက်တဲ့ အခါ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

၃။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာကိစ္စရပ်များတွင် တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၄။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် လူငယ်များ၏ ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်သော ပညာရေးစနစ် ပေါ်ထွန်းရေးကို လွှတ်တော်တွင် တင်ပြဆောင်ရွက်မည် ဖြစ်ပါတယ်။

၅။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ မိခင်ဘာသာစကား၊ စာပေများကို မပျောက်ပျက်စေရန် နိုင်ငံတော်၏ အမျိုးသားပညာရေးဥပဒေ(ပုဒ်မ ၄၂၊ ပုဒ်မခွဲ ခ)တွင် ပါရှိသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမည် ဖြစ်ပါတယ်။

၆။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုသုခုမပညာရပ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၇။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ ကျန်းမာရေးကို အထောက်အကူပြုစေရန်အတွက် ကုသရေးထက် ကြိုတင်ကာကွယ်သည့်စနစ်ကို အားကောင်းစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။



၈။ ကရင်ပြည်သူ့ပါတီသည် တိုင်းပြည်၏အဓိကစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၉။ ကရင်ပြည်သူ့ပါတီသည် လူငယ်နှင့် အမျိုးသမီးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များအား လက်လှမ်းမီအသုံးချနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၁၀။ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၁။ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက် လူနည်းစုတိုင်းရင်းသားများရရှိရမည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်နှင့် သမိုင်းတွင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကို ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို နှီးနွှယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ကရင်ပြည်သူ့ပါတီ(KPP)က ကိုယ်စားလှယ်လောင်းများဝင်ရောက်အရွေးချယ်ခံမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း (၇)ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း (၂၁)ဦးနှင့် ကရင်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်လောင်း (၁)ဦးတို့ ဖြစ်ကြပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကျွန်မတို့ ကရင်ပြည်သူ့ပါတီ(KPP)အနေနှင့် ပြည်သူများထံသို့ ပန်ကြားအသိပေးချက်များကို တင်ပြလိုပါတယ်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကရင်လူမျိုးနှင့် ပြည်သူများအားလုံး မိမိ၏ အမည်သည် သက်ဆိုင်ရာကျေးရွာ/ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပေးခွင့်ရှိသူများ အမည်စာရင်းတွင် မိမိ၏အမည် မပါရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင်ရှိသော ကရင်လူမျိုး အခြေပြုပါတီတာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာ အဆင်သင့်ဖြစ်ပြီးပါက ဆန္ဒမဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ရွေးကောက်ပွဲအပိုင်းလိုက် ကျင်းပမှုပြီးဆုံးသည်အထိ မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

နောက်ဆုံးအနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ကရင်လူမျိုးများနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ ကရင်ပြည်သူ့ပါတီ(KPP) ကိုယ်စားလှယ်များကို ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေလိုသော စိတ်စေတနာအရင်းခံ၍ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော်  နိုဝင်ဘာ ၅

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းအနီးတွင် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။ မိုး/ဇလ

# ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)၌ ဘုရားဖူးပြည်သူများ စည်ကား



**ပြင်ဦးလွင် နိုဝင်ဘာ ၅**

၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ညတွင် ပြင်ဦးလွင်မြို့ရှိ တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရားကြီး)နှင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။

မဟာအံ့ထူးကံသာဆုတောင်းပြည့် (ပြည်ချစ်ဘုရားကြီး)ဘုရားကြီးနှင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများသို့ နှစ်စဉ်နှစ်တိုင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ဘုရားပန်း၊ ဆီမီး၊ ရွှေသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူကြပြီး အဓိဋ္ဌာန်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို ပြုလုပ်ကြကြောင်း သိရသည် ။

ခရိုင်(ပြန်/ဆက်)

# တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရားများ၌ ဆီမီးပူဇော်



**ညောင်ဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီပုထိုးများအား တန်ဆောင်မုန်းလပြည့်နေ့ ည ၇ နာရီမှစတင်ကာ ရွှေစည်းခုံဘုရားကြီးနှင့် သမိုင်းအထင်ကရဘုရားများတွင် ဆီမီးပူဇော်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ပုဂံ-ညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်း စေတီ ပုထိုးများကို ဆီမီးပူဇော်ခဲ့ကြပြီး ဘုရားနီ၊ အင်ကြင်းဂူ၊ အလိုတော်ပြည့်၊ စိုးမင်းကြီးအုတ်ကျောင်း ပတ်ဝန်းကျင်ဘုရားများ၊ အပ္ပာယ်ရတနာ ပတ်ဝန်းကျင်ရှိဘုရားများ၊ ရွှေဆံတော်ပတ်ဝန်းကျင်ရှိဘုရားများ၊ အနော်ရထာလမ်းမကြီး ဘေးဘက်ဝဲ/ယာဘုရားများကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများက ဆီမီးများ ပူဇော်ခဲ့ကြခြင်းဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ဂေါပကအဖွဲ့ရှိသော ဘုရား ၁၈ ဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညုဖူးဘုရား၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ ရွှေဆံတော်၊ ဓမ္မရာဇကမနုဟာ၊ မြစေတီ၊ တုရင်တောင်၊ ငှက်ပစ်တောင်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ပြဿကြီးဘုရားတို့တွင်လည်း ဆီမီးပူဇော်ကြကြောင်း သိရသည်။

**အစဉ်အလာမပျက် ဆီမီးပူဇော်**

တန်ဆောင်မုန်း လပြည့်နေ့ ညနေပိုင်းအချိန်မှ စတင်ကာ မိတ်ဆွေ အပေါင်းအသင်းများ၊ မိသားစုများ၊ ဒေသခံများ၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း အစဉ်အလာမပျက် ဆီမီးပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

# ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ တောင်ကြီး တန်ဆောင်တိုင် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော်၌ မီးပုံးပျံပြိုင်ပွဲကြီးကို နေ့မီးနှင့် ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

ယင်းမီးပုံးပျံ ပြိုင်ပွဲကြီးတွင် နေ့ပိုင်းအလှလွှတ် မီးပုံးပျံများသည် အများအားဖြင့် တိရစ္ဆာန်ရုပ်ပုံများဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် အရုပ်ခြေနှစ်ချောင်း၊ အရုပ်ခြေလေးချောင်းများဖြစ်ကာ ညလွှတ်မီးပုံးပျံများ၌လည်း ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိကြောင်း၊ ညမီးကြီးတွင် မီးပုံးပျံအောက်ဆွဲ၌ ယမ်းခွေများပါဝင်ပြီး မီးပုံးပျံပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ညမြင်ကွင်းကို အလှဆင်ကြကြောင်းနှင့် စိန်နားပန်သည် မီးပုံးပျံအပြင်ကိုယ်ထည်ပေါ်နှင့် အောက်ဆွဲ၌ မီးပုံးအရောင်အမျိုးမျိုးနှင့် ရုပ်ပုံများ၊ စာလုံးများကို ပုံဖော်ကာ လွှတ်တင်ကြသည့် မီးပုံးအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

ယခုနှစ်တွင် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှစတင်၍ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့ အနီးဝန်းကျင် မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင် လွှတ်တင်လျက်ရှိကြရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိပြီး နေ့စဉ် ပရိသတ် ၂၅၀၀၀၀ ခန့် လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးတွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး စုစုပေါင်းအလုံး ၈၀၊ နေ့လွှတ်အရုပ် မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး၊ စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို ညနေ ၆ နာရီခွဲမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခေတ်ပေါ်တေးဂီတတီးဝိုင်းများ၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ်ဘုံကထိန် ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာ လှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သော်လည်း လက်ရှိ မိုးလေဝသ ရာသီဥတုအခြေအနေများကြောင့် ပွဲတော်ရက်အား သုံးရက်တိုးကာ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့




စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❍ ကျောဖုံးမှ

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မော်လိုက်မြို့ကို ဆက်သွယ်ထားသည့် ကလေး-မော်လိုက်သွားကားလမ်းမပေါ်ရှိ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးစား ပလူဇဝတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက အောက်တိုဘာ ၃၀ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား၏တောင်ဘက်ခြမ်း ကြမ်းခင်း ၁၀ ပေခန့် မီးလောင်ပျက်စီးခဲ့ရာ အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိ**

သို့ဖြစ်၍ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားအများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ပလူဇဝတံတားကြမ်းခင်းအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်၌ အများပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✱ တိုင်ဖွန်းမုန်တိုင်းမှ


**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၆ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

**Japan Meterological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း"ခန့်မေဂီ" လမ်းကြောင်းပြပုံ**



မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



## မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးကုသပေးမှုများ ဆောင်ရွက်

**အထက်မင်းလှ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှလက်ထောက်ဆရာဝန် ဒေါက်တာဝီရအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**ဝင်းမြတ်(အထက်မင်းလှ)**

## မောက်မယ်မြို့နယ်၌ မွေးကင်းစမှ အသက် (၂) နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**မောက်မယ် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် မြို့ပေါ် ရပ်ကွက်များတွင် မွေးကင်းစမှ အသက် (၂) နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကလေးငယ်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဝန်ထမ်းများက စနစ်တကျ မှတ်တမ်းရေးသွင်းခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်းနှင့် လစဉ်ပုံမှန်ထိုးနှံရမည့် ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မိုင်းယောင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ထိုသို့ ဟောပြောရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဦးစီးအရာရှိ ဦးမိုးဝင်း(ခ)တင်မိုးဝင်းတို့က ဒေသဖွံ့ဖြိုးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး၊ လူငယ်ရေးရာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# အလုပ်ကို မထိခိုက်ပါစေနှင့်

ပီမိုးနှင်း

သူဌေးကြီးတစ်ယောက် ညစာစားရှိနေ၏။ ထိုအခိုက် တံကင်းသမားတစ်ယောက် ပြေး၍ဝင်လာပြီး သူဌေးမင်း၏ တံကင်းနှစ်စင်း စပါးအပြည့်နှင့် တွဲတေးချောင်းမှာ သင်္ဘောနှင့်တိုက်မိလို့ မြုပ်သွားပါတယ်ဟု ပြောလေ၏။ .

ထိုသတင်းကို ကြားသောအခါ သူဌေးသည် ညစာကို ဆက်ပြီး စားနိုင်ပါဦးမည်လား။

သူဌေးစစ် သူဌေးစိတ်မှာကား ထမင်းကို ဝအောင်အေးအေး ဆေးဆေး ဆက်၍စားနိုင်ရာ၏။ ဆက်လက်မစားနိုင်၊ ထမင်းကို မျို၍မကျ၊ ပျာလောင်ခတ်ကာ တောင်ကိုဆူ မြောက်ကိုကြိမ်း။ တံကင်းအထိန်းကို ဆဲလိုဆဲဖြစ်၍နေချေက ထိုလူသည် သူဌေးမဟုတ်၊ ကြာမြင့်စွာ သူဌေးမဖြစ်နိုင်၊ လျင်မြန်စွာ ပျက်စီးရမည်သာတည်း။

စီးပွားသော်လည်းကောင်း ပျက်စီးရာ၏။ လူကိုယ်တိုင်သော်လည်း သေကျေပျက်စီးဖို့ ရှိလေသည်။

အလုပ်ကြီးလုပ်သောသူများသည် အလုပ်ကို တွင်ကျယ်အောင် အကြံဉာဏ်ကိုထုတ်ကာ လုပ်ကိုင်ဖို့သာရှိ၏။ လောကဓမ္မတာအတိုင်း မတွေ့ဘဲ မနေနိုင်သော ပျက်စီးခြင်း၊ အနှောင့်အယှက်ဖြစ်ခြင်းများကို ဂရုမစိုက်ရပေ။ တိုး၍ရဖို့နှင့် ဖြစ်ပျက်ခြင်း၏ အကြောင်းရင်းများကို စုံစမ်းစစ်ဆေးကာ လုပ်ကိုင်သွားဖို့သာရှိလေသည်။

အကြီးအကျယ် လုပ်ကိုင်သူတို့မှာ ထိုအပျက်အစီးမျိုးသည် မတွေ့ဘဲမနေနိုင်သော သေးသေးငယ်ငယ် အလုပ်ကိုလုပ်သူများမှာ သေးသေးငယ်ငယ် ပျက်စီးဆုံးပါးခြင်းလေးများနှင့် မကင်းနိုင်ကြပေ။ သို့ဖြစ်လေရာ စိတ်ကြောင့် အလုပ်ကိုမထိခိုက်ရန်သာ လိုလေသည်။

လူမှန်သမျှမှာ အပျက်အစီးနှင့် တွေ့ရမြဲဖြစ်လေသည်။ ပျက်စီးခြင်းတစ်ခုခုနှင့် တွေ့သည်အခါ နှမြော၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ အလုပ်ကိုသော်လည်းကောင်း၊ ကျန်းမာခြင်းကိုသော်လည်းကောင်း မထိခိုက်စေရအောင် ဖြေတတ်ရလေသည်။

အချို့မှာ တစ်စုံတစ်ရာဖြစ်လျှင် ကံဇာတာညှိုးလာပြီး အကျိုးပေး

**အလုပ်ကြီးလုပ်သော သူများသည် အလုပ်ကို တွင်ကျယ်အောင် အကြံဉာဏ်ကိုထုတ်ကာ လုပ်ကိုင်ဖို့သာရှိ၏။ လောကဓမ္မတာအတိုင်း မတွေ့ဘဲမနေနိုင်သော ပျက်စီးခြင်း၊ အနှောင့်အယှက်ဖြစ်ခြင်းများကို ဂရုမစိုက်ရပေ။ တိုး၍ရဖို့နှင့် ဖြစ်ပျက်ခြင်း၏ အကြောင်းရင်းများကို စုံစမ်းစစ်ဆေးကာ လုပ်ကိုင်သွားဖို့သာရှိ**

ချိန်ကုန်ပြီ၊ ပျက်ချိန်ရောက်လာပြီဟု တွေးခေါ်ပူပန်ကြောက်ရွံ့ခြင်းများဖြစ်သည့်အခါ မသာယာသောစိတ်ကြောင့် မသာယာသောအိပ်မက်များကိုမြင်မက်ရ၏။ ဗေဒင်ဆရာကိုမေးလျှင် ဧကန်တစ်ခုခုဖြစ်လို့ မေးတာပဲဟု ရိပ်မိသော ဗေဒင်ဆရာသည် အပျက်အစီးတွေ့တတ်ကြောင်း၊ ပစ္စည်းဆုံးပါးဖို့မြင်ကြောင်း၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်းသော်လည်းကောင်း၊ ငွေသော်လည်းကောင်း ထွက်ဖို့မြင်ကြောင်း၊ သုံးတောင်ဝတ်မိန်းမ၊ အထက်လူကြီးများကြောင့် စိတ်မချမ်းမသာဖြစ်ဖို့မြင်ကြောင်းများကို လျှောက်လဲ၍ ဟောတတ်လေသည်။ ထိုနည်းမျိုး တစ်ခုမမှန်လျှင် တစ်ခုမှန်မြဲဖြစ်လေသည်။ အကြောင်းမူကား အပျက်များသော လောက၊ စိတ်ညစ်စရာများ များစွာတွေ့ရသော လောကကြီးမှာ ထိုအဖြစ်မျိုးများ မကင်းနိုင်ပေ။ ဤသို့ ဗေဒင်ဟောသောအခါ အလွန်ထိတ်လန့်ပြီး မကြံရဲ၊ မသွားရဲ၊ မလာရဲဖြစ်ကာ ပိုမို၍ ပျက်စီးဆုတ်ယုတ်သည့်အပြင် ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်လေသည်။

ဥရောပ၊ အမေရိကတိုက် အလုပ်ကြီးများမှာ ဒါရိုက်တာလူကြီးများ အဘယ်မျှလောက်ပင် ဇာတာညှိုး၍ သေကြစေကာမူ အလုပ်ကို မထိ၊ အလုပ်ကြီးများမှာ နှစ်ပေါင်း ငါးဆယ်၊ တစ်ရာ၊ နှစ်ရာ တည်ခဲ့ကြလျက် တိုးတက်ကြီးကျယ်၍သာနေကြသည်များကို တွေ့နိုင်လေသည်။

အိပ်မက်ကြောင့်လည်းကောင်း၊ နိမိတ်တစ်စုံတစ်ရာကြောင့်လည်းကောင်း ထိတ်လန့်စိုးရိမ်ကာ အလုပ်ကိုမထိခိုက်စေရအောင် သတိထားဆင်ခြင်အပ်ကြပေသတည်း။

■

# ရန်သူရှာနည်း ရှောင်နည်း

ခင်မောင်ညို (ဘောဂဗေဒ)

အမေရိကန်သမ္မတကြီး သီယိုဒိုရုစဗဲ့ တစ်ခါက ဝန်ခံဖူးသည်။ သူလုပ်သမျှ၊ ကိုင်သမျှကိစ္စတို့၏ ၇၅ ရာခိုင်နှုန်းသာ မှန်ကန်ခဲ့လျှင် သူ့ရည်မှန်းချက် အထွတ်အထိပ်ကိုရောက်မည်ဟု ဆိုခဲ့သည်။ နှစ်ဆယ်ရာစုတွင် အထင်ရှားဆုံး၊ အထူးချွန်ဆုံး ပုဂ္ဂိုလ်တစ်ဦးက သူလုပ်သမျှကိစ္စတစ်ရာတွင် ခုနစ်ဆယ့်ငါးခုပင် မမှန်ဟုဆိုသည်။ ထိုအတိုင်းဆိုလျှင် သင်နှင့် ကျွန်တော်လို သာမန်လူတစ်ယောက်အတွက် သူ့ထက်ပို၍ မှားဖို့များသည်။

အကယ်၍ သင်လုပ်သမျှ၊ ကိုင်သမျှ၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းသာ မှန်နေလျှင် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးအဝန်းအဝိုင်းသို့သွား၍ ရင်းနှီးမြှုပ်နှံမှုလုပ်၊ စတော့ရှယ်ယာတွေ အရောင်းအဝယ်လုပ်ကာ တစ်နေ့ကိုဒေါ်လာတစ်သန်းလောက် ဝင်ငွေရနိုင်သည်။ သမ္မတက ခုနစ်ဆယ့်ငါးရာခိုင်နှုန်းပင် မမှန်ဟုဆိုသည်။ သင့်ကိုယ်သင် ငါးဆယ့်ငါးရာခိုင်နှုန်းလောက်တော့ မှန်မည်ဟု အာမခံနိုင်ပါသလား။ သင်ကိုယ်တိုင်ကမှ မမှန်နိုင်ဘဲ တခြားသူတစ်ယောက်ကို မှားနေကြောင်း ပြောသင့်ပါသလား။

တခြားလူတစ်ယောက် မှားနေသည့်အကြောင်းကို နှုတ်က ထုတ်ဖော်ပြောမှသာမဟုတ်။ မျက်လုံးဖြင့်လည်း ပြောနိုင်သည်။ လေယူလေသိမ်းဖြင့်လည်း ပြောနိုင်သည်။ ကိုယ်ဟန်အမူအရာဖြင့်လည်း ပြသနိုင်သည်။ သင်က မှားသည်ဟုပြောသည့်အခါ တစ်ဖက်သားကလည်း သူတကယ်မှားပါသည်ဟု ဝန်ခံသံကိုကြားရပါသလား။ မည်သည့်အခါမျှ ကြားရလိမ့်မည်မဟုတ်ပါ။ သူတို့ကို မှားသည်ဟု ပြောလိုက်ခြင်းဖြင့် သူတို့၏ဉာဏ်ပညာကို ထိပါးရာရောက်သည်။ အဆုံးအဖြတ်ကို စော်ကားရာရောက်သည်။ သူတို့၏မာနကို ထိခိုက်သည်။ ကိုယ့်ကိုယ်ကိုယ် လေးစားမှုပျက်ပြားသွားအောင် လုပ်ရာရောက်သည်။ ထိုအခါ ငုံ့မခံဘဲ ပြန်လည်တွန်းလှန် တိုက်ခိုက်ချင်စိတ်များပေါ်လာတတ်သည်။ သူတို့၏ ပင်ကိုစိတ်၊ ပင်ကိုသဘောထားကို ပြောင်းလဲအောင်မလုပ်နိုင်။

သင်တစ်ယောက်တည်း ပြောဆိုရုံမျှဖြင့် မကျေနပ်သေးလျှင် ရှေးပညာရှင်များဖြစ်သည့် ပလေတို၊ အင်မန်နွယယ်လ်ကန့်တို့ကို ကိုးကားနိုင်ပါသည်။ သို့သော် အကြောင်းထူးမည်မဟုတ်။ သင်လုပ်သမျှ၊ ပြောသမျှ ဆိုးသည်ထက်ပင် ဆိုးသွားနိုင်သည်။ သူတို့၏ အတ္တနှင့်မာနကို ထိခိုက်အောင် လုပ်ထားမိသဖြင့် နားဝင်တော့မည်မဟုတ်။

အခြားလူတစ်ယောက်နှင့် စကားပြောသည့်အခါ "ဒါတွေ ဒါတွေ မင်းမှားတဲ့အကြောင်း ငါရှင်းပြမယ်" ဆိုပြီး သွားမစလိုက်ပါနှင့်။ မှားသွားပါလိမ့်မည်။ ထိုသို့ ပြောလိုက်ခြင်းအားဖြင့် "မင်းထက် ငါက ပိုတော်တယ်ကွ။ ဒါကြောင့် မင်း ငါပြောတာ နားထောင်ရမယ်။ ပြောတဲ့အတိုင်း လိုက်လုပ်ရမယ်" ဟူသောသဘော သက်ရောက်သွားကာ စော်ကား မော်ကား လုပ်ရာရောက်သည်။ ထိုသို့ပြောမိလျှင် တစ်ဖက်သားကို စိန်ခေါ်ရာရောက်သည်။ ဆန့်ကျင်ချင်စိတ်၊ ပြိုင်ဆိုင်တိုက်ခိုက်ချင်စိတ် ပေါက်လာအောင် ဆွပေးရာရောက်သည်။ သင်ဘာမျှမပြောရသေးမီကပင် ခုခံတိုက်ခိုက်ချင်စိတ် ပေါက်လာစေနိုင်သည်။

လူတွေ၏စိတ်ကို ပြောင်းလဲပစ်ဖို့ကိစ္စမှာ အလွန်ခက်ခဲလှသည်။ စိတ်ကြည်ကြည်လင်လင်၊ ပျော့ပျော့ပျောင်းပျောင်းဖြစ်နေသည့် အချိန်၌ပင် ပြောင်းလဲပစ်ရန်မလွယ်။ မလွယ်သည့်အလုပ်ကို ခက်သည်ထက်ခက်အောင် အဘယ်ကြောင့် လုပ်ရသနည်း။ ကိုယ့်ကိုယ်ကိုယ် လမ်းပိတ်အောင် အဘယ်ကြောင့် လုပ်ရသနည်း။

သင်သည် တစ်ခုခုကို မှန်ကန်ကြောင်း သို့မဟုတ် မှားယွင်းကြောင်း အထောက်အထားများ ပြကာ သက်သေပြတော့မည်ဆိုလျှင် ထိုသို့လုပ်တော့မည်ဖြစ်ကြောင်း တစ်ဖက်သား မသိပါစေနှင့်။ သင်လုပ်လို့ လုပ်နေမှန်းမသိအောင် ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ လုပ်ပါ။ သင်နှင့်စကားပြောနေသည့်သူက သူ့ကို ဆရာလုပ်သည်ဟု မထင်အောင်လုပ်ပါ။ သင်လို့ သင်နေမှန်းမသိအောင်လုပ်ပါ။ မသိသေးတာတွေ သိအောင်ပြောနေသည်မထင်ရဘဲ လွယ်လွယ် မေ့ပျောက်ပစ်လို့ရသည့် ပေါ့ပေါ့ပါးပါးကိစ္စတွေ ပြောနေသည်ဟု ထင်ပါစေ။

လွန်ခဲ့သည့် နှစ်ပေါင်းသုံးရာကျော်ကလည်း ဂလီလီယိုက ပြောခဲ့ဖူးသည်။

"လူတစ်ယောက်ကို သင် ဘာမျှသင်မပေးနိုင်။ သူ့ဘာသာသူ သူ့ကိုယ်ထဲမှာ သူရှာဖွေတွေ့ရှိရန် အတွက် အကူအညီမျှသာ ပေးနိုင်သည်"

လော့ဒ်ချက်စတာဖီးလ်က သူ၏သားကို ဆုံးမရာ၌-

"တတ်နိုင်လျှင် အခြားသူများထက် ဉာဏ်ပညာ ပိုရှိအောင် ကြိုးစားပါ။ သို့သော် ထိုသူများထက် ပိုသိကြောင်း၊ တတ်ကြောင်း ပြောမပြပါနှင့်" ဟု ဆိုသည်။

ဆိုကရေးတီးက အေသင်မြို့တွင် သူ၏တပည့်တပန်းများအား မကြာခဏ ပြောလေ့ရှိသည့်စကား တစ်ခုရှိသည်။

"ငါသိတာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ ငါ ဘာမျှ မသိသေးဘူးဆိုတာပဲ"

ကျွန်တော့်အနေဖြင့် ဆိုကရေးတီးထက် ဘယ်လိုမျှ ပိုမတော်နိုင်၊ မတတ်နိုင်ပါ။ ထို့ကြောင့် တခြားလူများမှားနေသည်ဟု ပြောလေ့မရှိ၊ မပြောသည့်အတွက်လည်း အကျိုးရှိသည်။

တစ်ယောက်ယောက်က သင့်စိတ်ကူး၊ သင့်အကြံအစည် မှားယွင်းနေသည်ဟုပြောလျှင် သင်ကိုယ်တိုင်က မှားနေမှန်းသိလျက်နှင့်ပင် "ကျွန်တော် မှားချင်မှားမယ်။ ကျွန်တော်ထင်တာက ဒီလိုပါ။ ကျွန်တော် ခဏခဏလည်း မှားတတ်ပါတယ်။ ကျွန်တော် မှားရင်လည်း မှန်အောင် ပြင်ချင်တယ်။ အချက်အလက်တွေ၊ ဖြစ်ရပ်မှန်တွေကို ကြည့်ရအောင်"ဟု ပြောသံကိုသာ ပို၍ ကြားချင်ကြသည်။

"ကျွန်တော် မှားချင်မှားမယ်၊ ကျွန်တော် မှားလည်း မှားတတ်ပါတယ်။ ကျွန်တော်မှားရင်လည်း ပြင်ပေးပါ" ဆိုသော အသုံးအနှုန်းမျိုး ပြောဆိုသုံးစွဲခြင်းသည် အလွန်ထိရောက်အကျိုးရှိသည်။

ထိုသို့ ပြောဆိုသုံးနှုန်းသည်ကို မကြိုက်နှစ်သက်သူဟူ၍မရှိ။ ကန့်ကွက်မည့်သူမရှိ။

ဖောက်သည်များနှင့်ပတ်သက်၍ ဤနည်းလမ်းကို စမ်းသပ်ကြည့်သူ ကျွန်တော့်သင်တန်းသားတစ်ယောက်ရှိသည်။ သူသည် ဒေါ့ဂျစ်ကားများ ရောင်းဝယ်သူ ဟာရိုးလ်ဖြစ်သည်။ မော်တော်ကားရောင်းဝယ်ရေးလုပ်ငန်း၏ သဘောသဘာဝကြောင့် ဖောက်သည်များ၏ မကျေနပ်ချက်များ၊ တိုင်တန်းချက်များနှင့်ပတ်သက်၍ ဒုက္ခအကြီးအကျယ်များတတ်သည်။ ဒေါသဖြစ်စရာ၊ စိတ်နှလုံး မသာယာစရာ၊ ဆုံးရှုံးစရာတွေ တွေ့ရသည်။

သူက သင်တန်းသားများအား သူ၏အတွေ့အကြုံကို ပြန်ပြောပြသည်။ "လက်ရှိနည်းဟာ ဘယ်လိုမှ အလုပ်မဖြစ်တဲ့အကြောင်း ကျွန်တော် သဘောပေါက်တဲ့အတွက် နည်းလမ်းသစ်တစ်ခုကို စမ်းကြည့်တယ်။ "ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်တွေဟာ မကြာခဏ မှားယွင်းတတ်ပါတယ်။ ဒီအတွက် ကျွန်တော်လည်း မကြာခဏ အရှက်ရပါတယ်။ ခင်ဗျားနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ဘက်က မှားယွင်းခဲ့ပါတယ်။ အဲဒီအကြောင်းကို ပြောပြပါ"လို့ ပြောင်းပြီး ပြောကြည့်လိုက်တယ်။

"ဒီနည်းဟာ အတော်အကျိုးရှိတယ်။ ဖောက်သည်တစ်ယောက်ဟာ သူ့ရဲ့ခံစားချက်တွေ၊ ဒေါသတွေကို ဖွင့်ထုတ်ပစ်လိုက်တဲ့အခါကျရင် ပြဿနာဖြေရှင်းတဲ့အခါမှာ ပိုပြီး ဆင်ခြင်တုံတရားရှိလာတယ်။ လက်တွေ့ကျလာတယ်။သူတို့ရဲ့အခြေအနေကို ကျွန်တော်က နားလည်ပေး၊ ကိုယ်ချင်းစာပေးတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ပြောကြတယ်။ ဖောက်သည်သစ်တွေကို ခေါ်လာကြတယ်။ အပြိုင်အဆိုင်များတဲ့ ဒီလောကကြီးထဲမှာ အဲဒီလို ဖောက်သည်မျိုးတွေရဖို့ကလည်း သိပ်အရေးကြီးတယ်။

"ဖောက်သည်တွေရဲ့ သဘောထားတွေ၊ အကြံဉာဏ်တွေအားလုံးကို လေးစားတာ၊ သူတို့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံတာဟာ ပြိုင်ဘက်တွေကို နိုင်စေနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်"

ကိုယ်မှားကြောင်း ဝန်ခံသည့်အတွက် မည်သည့်အခါမျှ ဒုက္ခမရောက်နိုင်ပါ။ အငြင်းအခုံတွေကိုလည်း ရှောင်ရှားနိုင်ပါသည်။ သင့်ကို အတိုက်အခံလုပ်သူများလည်း သင်ကဲ့သို့ ပွင့်ပွင့်လင်းလင်းရှိလာအောင်၊ မျှမျှတတဖြစ်လာအောင်၊ သဘောထားကြီးလာအောင် လုပ်ပေးရာရောက်ပါသည်။ သူလည်းမှားတတ်သည့် ပုထုဇဉ်တစ်ယောက်မျှသာဖြစ်ကြောင်း လိုလိုလားလား ဝန်ခံလာစေပါသည်။ (ဆက်လက်ဖော်ပြပါမည်)

## ပုသိမ်မြို့၌ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ပူဇော်ပွဲနှင့် တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ဈေးဖွင့်ပွဲကျင်းပ



**ပုသိမ် နိုဝင်ဘာ ၅**

ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ပူဇော်ပွဲအား ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ကမ်းနားလမ်းရှိရေဆင်းတန်ဆောင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ သြဝါဒါစရိယ ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက်၏ ပဓာနနာယကဆရာတော် (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နဂါးစာကျွေးခြင်းနှင့် ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီးအား ဖောင်တော်သို့ ပင့်ဆောင်ပူဇော်ခဲ့ပြီး ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ဖောင်တော်အား ရေမျှောကုသိုလ်ပြုခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင် ဆီမီးမျှောပူဇော်ပွဲနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ မြို့ပေါ်ရပ်ကွက်များမှပြည်သူများစုပေါင်းလှူဒါန်းသည့် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ မြို့ပေါ်ရပ်ကွက်များမှပြည်သူများ၏ နိဗ္ဗာန်ဈေးဖွင့်လှစ်၍စတုဒိသာကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်သူများနှင့်အတူ နိဗ္ဗာန်ဈေးပွဲတော်အား ပါဝင်ဆင်နွှဲခဲ့ကြပြီး ဆီမီး ၁၅၀၀၀ ဖြင့် ငဝန်မြစ်အတွင်းဆီမီးမျှောပူဇော်ခြင်း၊ မီးပုံးများ လွှတ်တင်ပူဇော်ခြင်းများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများနှင့် အလှမီးများ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တန့်ယန်းမြို့နယ် အောင်တော်မူစေတီတော်၌ ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

**တန့်ယန်း နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နေမိန္ဒရကုန်းတော်ပေါ်ရှိ အောင်တော်မူစေတီတော်ကြီးတွင် တန်ဆောင်မုန်းလပြည့် (သာမညဖလနေ့) ဗုဒ္ဓပူဇနိယ ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံ လွှတ်တင်ပွဲကို နိုဝင်ဘာ ၄ ရက်ညက အောင်တော်မူစေတီတော်၌ ကျင်းပသည်။

အဆိုပါ အောင်တော်မူ စေတီတော်ကြီးတွင် ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စေတီတော်တွင် ဆီမီးထွန်းပူဇော်ပြီး ရင်ပြင်တော်တွင် မီးပုံးပျံလွှတ်တင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**

## တနင်္သာရီမြို့နယ်၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ


**တနင်္သာရီ နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ တန်ဆောင်တိုင်ပွဲတော်တွင် စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ဆီမီးမျှောခြင်းနှင့် မီးပုံးပျံများလွှတ်တင်ခြင်းကို ယမန်နေ့ ညနေ ၄ နာရီမှစ၍ ချောင်းကြီးရပ်ကွက်တွင် စတင်ကျင်းပကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် ခေတ္တစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးမင်းသူ၏ လမ်းညွှန်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများအား ချောင်းကြီးရပ်ကွက်ရှင်မအောင်သာအနီး လမ်းဘေးဝဲယာတွင် မုန့်မျိုးစုံဖြင့် စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားသည့် သာမညဖလအခါတော်နေ့ ဖြစ်သည့်အလျောက် တနင်္သာရီမြစ်အတွင်းတွင် ဆီမီးခွက် ၅၀၀၀ ကို ဆီမီးမျှောပူဇော်ခဲ့ကြသည်။ ဆက်လက်၍ တနင်္သာရီတံတားပေါ်မှ ခေတ္တစစ်ဗျူဟာမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ပြည်သူများက မီးပုံးပျံ ၂၀၀ ကို တစ်ပြိုင်တည်း လွှတ်တင်ခဲ့ကြသည်။

ထို့နောက် တန်ဆောင်တိုင်ဖျော်ဖြေပွဲတော်ကို ဆက်လက်ကျင်းပရာ တနင်္သာရီမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာနေပြည်သူများက စည်ကားသိုက်မြိုက်စွာ လာရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။ **သီသီခိုင်(တနင်္သာရီ)**



## ဝါးခယ်မမြို့နယ်၌ ကျောင်းဆောင်သစ် ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**ဝါးခယ်မ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာရှိ အထက (ကျွန်းကုန်း)တွင် ပေ ၁၆၀၊ ပေ ၃၀ Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်ဖြစ်ရာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆောက်အအုံပုံစံအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ပန္နက်တော်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ ၁၆၀၊ ပေ ၃၀ Steel Structure တစ်ထပ်ဖြစ်ပြီး အလှူရှင် ဦးကျော်စွာ၊ ဇနီးဒေါ်အေးစီ(ချမ်းမြေ့) မိသားစုက ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

## မိုးညိုမြို့နယ်၌ ကျန်းမာရေးပညာပေးခြင်းနှင့် ဆီးချိုသွေးချိုရောဂါများစစ်ဆေးကုသပေး

**မိုးညို နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် မကူးစက်တတ်သော ရောဂါများ ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါများ ကုသမှုပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



**အသိပညာပေး**

ကျန်းမာရေး အသိပညာပေး ပြောကြားရာတွင် ကျန်းမာရေးမှူးအဆင့်(၁) ဦးတင်အောင်က မကူးစက်တတ်သော ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးသွေးကြောကျဉ်း၊ နာတာရှည်၊ အဆုပ်လေပြွန်ရောင် စသည့် ရောဂါများ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်မှု၊ ကိုယ်လက်လှုပ်ရှားမှု၊ သွေးတိုး၊ ဆီးချိုသွေးချိုရောဂါများ၏ နောက်ဆက်တွဲရောဂါ အကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် ကျန်းမာရေးအတွက် လာရောက် စစ်ဆေးပြသသူ ၂၁ ဦးအားကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးတိုး၊ ဆီးချိုသွေးချိုရောဂါများ စစ်ဆေး၍ လိုအပ်သောဆေးဝါးနှင့် ကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား



ငွေဆောင် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလဖြစ်သော နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ပြည်တွင်း ခရီးသွားဧည့်သည် ၁၀၈၀၉ ဦး၊ ပြည်ပခရီးသွား ဧည့်သည် ၄၅၉ ဦး လာရောက်လည်ပတ်ခဲ့သည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် ချစ်သူများကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ မြွေကျွန်း၊ ကျွန်းလျားရှည်အစရှိသည့် ကျွန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင် ဆင်စခန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင် Night Market နှင့် Speed Boat၊ Banana Boat စီးခြင်း၊ ရေကူးခြင်းတို့ဖြင့် အားလပ်ရက်များကို အပန်းဖြေခဲ့ကြသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ လုံခြုံမှုရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးနှင့် ကမ်းခြေဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချစေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးတို့အတွက် မြို့အုပ်ချုပ်ရေးမှူး၊ ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ငွေဆောင်(ပြန်/ဆက်)



## လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် (၃၇)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက အမှတ်(၆) ရပ်ကွက် အောင်မြေသာယာဘုရားဝင်းအတွင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထို့ပြင် ဘုရားများအား ရေချိုးဖွင့်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြပြီး ဘုရားတွင် နေပူခံကျောက်ပြားကပ်ရန်အတွက် ငွေကျပ်သိန်း ၂၀ ပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ☆ ဘိုင်ယန်မြူးနစ်မှ

အာဆင်နယ်အသင်းကတော့ ဆလာဗီယာပရက်အသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဆာကာနဲ့ မာရီနိုတို့ရဲ့သွင်းဂိုးတွေနဲ့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လက်ရှိအချိန်မှာ ပြိုင်ပွဲစုံ ၁၀ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သလို ဘိုင်ယန်မြူးနစ်အသင်းကလည်း ပြိုင်ပွဲစုံ ၁၆ ပွဲဆက် အနိုင်ရရှိခဲ့တဲ့မှတ်တမ်းကိုလည်း ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ အခုလိုနိုင်ပွဲအသီးသီးရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်လေးပွဲကစားပြီးချိန်မှာ လေးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၁၂ မှတ်စီနဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ စပါးအသင်းက ကိုပင်ဟေဂင်အသင်းကို လေးဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မိုနာကိုအသင်းက ဘိုဒိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ယူနီယံစိန့်ဂီလွိုက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နာပိုလီနဲ့ ဖရန့်ဖက်ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဂျူဗင်တပ်နဲ့ စပို့တင်းပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ အိုလံပီယာကို့စ်နဲ့ ပီအက်စ်ဗွီအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေစသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း လေ့ကျင့်ပြင်ဆင်



ရန်ကုန် နိုဝင်ဘာ ၅

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းကို ပဏာမကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး အောက်တိုဘာ ၁၃ ရက်မှစ၍ စခန်းဝင်လေ့ကျင့်နေခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ခြေစစ်ပွဲမအောင်မြင်ပြီးနောက် ကစားသမားများ ပြောင်းလဲထားပြီး စီနီယာကစားသမားအချို့ကို ချန်လှပ်ကာ လူငယ်ကစားသမားများ၊ မျက်နှာသစ်ကစားသမားများ ဦးစားပေး ရွေးချယ်ထားခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ပတ္တရား ပီခွန်က ဆက်လက် ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့ လက်ရွေးစင် ဖူဆယ်အမျိုးသား အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- မိုင်းစိုးမြတ်ထွေး၊ မျိုးကိုကိုဦး (MIU)၊ ကျော်ရဲသွေး (Winner Generations)၊ ကျော်ဇင်မျိုးဦး (YRG)၊ ကစားသမား- မင်းခန့်၊ သက်ထွန်း၊ မင်းခန့်သူ၊ စိုင်းပြုံးအောင်၊ ထွန်းအောင်ကျော် (MIU)၊ အောင်ကျော်ဖြိုး (United City)၊ ရှိုင်းထက်အောင်၊ ဝေယံဖြိုး၊ မျိုးသက်ကျော် (VUC)၊ မင်းချစ်သူ၊ မင်းထက်နိုင် (M2K)၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော်၊ စည်သူအောင်၊ သက်နောင် (YRG)၊ ဆက်ဝေယံ၊ ထွဋ်ထွဋ်လွင် (Winner Generations)၊ ထွန်းထွန်းဝင်း (ပြည့်စုံ FC)၊ ဂျင်မီစိုး (YCDC MHDT)၊ ထူးဝေယံ (ဟံသာဝတီ) တို့ ပါဝင်ကြသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားဖူဆယ်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်ထိုင်းအသင်းအပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-MFF**

## သဃ်္ဃန်းကျွန်းမြို့နယ်၌ ပြည်သူများအား Smart Card များ ဆက်လက်ထုတ်ပေးလျက်ရှိ



ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဦးဘဟန်လမ်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး သဃ်္ဃန်းကျွန်းမြို့နယ်ရုံးတွင် မြို့နယ်အတွင်းရှိ ပြည်သူများအား Smart Card (Biomertric Card)များကို မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းနိုင်ထွေးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနက နိုင်ငံအတွင်းနေထိုင်သူ အသက် (၁၀)နှစ်အထက်ရှိသူများကို အီလက်ထရောနစ်စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data)နှင့် ဇီဝအချက်အလက်များ (Biometric Data) ကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိသည့် UID (Unique Identity Number) သတ်မှတ် ထုတ်ပေးလျက်ရှိရာ Biographic/ Biometric အချက်အလက်များ မှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) နိုင်ငံတော်အစိုးရက တရားဝင် ထုတ်ပေးထားသော အထောက်အထား လက်မှတ်တစ်ခုခုကို တစ်ပါတည်း ယူဆောင်လာရန် လိုအပ်သည်။

Smart Card များကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေပိုင်းအထိ လျှောက်ထားသည့် ပြည်သူများအား ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ဇော်မိုး (သဃ်္ဃန်းကျွန်း)

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီ မှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မေယု(၄)လမ်း၊ မြေကွက်အမှတ်(၁၃၁၅)၏ မြေအကျယ်အဝန်း(၄၀.၃x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၃၁၇) နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀.၃x ၆၀)ပေရှိ ဒေါ်ဝင်းမေ(ခ)ခင်ဝင်းမြင့်(ISN-၂၀၀၈၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်ကျော်နိုင်[၁၄/ဂခမ(နိုင်) ၁၂၀၇၄၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂) (LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) (LL.B.D.B.L,D.I.L,WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

